# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့၊ (22-8-2014) (၇၉၄၀)


**ပြည်သူ့စွမ်းအားဖြင့်**

**နိုင်ငံတော်ကို**

**တည်ဆောက်အံ့**

**မိုးရွာသွန်းမှု**

၂၁-၈-၂၀၁၄

| | | | | |
|---|---|---|---|---|
| ဖျာပုံ | ၄ | ဒသမ | ၁၃ | လက်မ |
| သံတောင်ကြီး | ၃ | ဒသမ | ဂ၆ | လက်မ |
| လှိုင်းဘွဲ့ | ၂ | ဒသမ | ၅၆ | လက်မ |
| ပခုက္ကူ | ၂ | ဒသမ | ၄ဂ | လက်မ |
| ပင်လောင်း | ၂ | ဒသမ | ၁၃ | လက်မ |
| မြစ်ကြီးနား | ၂ | ဒသမ | ၀၅ | လက်မ |
| နေပြည်တော် | ၁ | ဒသမ | ဂ၉ | လက်မ |

# ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမလေးလပတ်အစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပ



## သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ရှင်းလင်းတင်ပြ

**နေပြည်တော် ဩဂုတ် ၂၁**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမလေးလပတ်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့မှ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးများက နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍပြုပြင်ပြောင်းလဲဆောင်ရွက်မှုများ၊ နိုင်ငံတော်၏ဦးစားပေးလုပ်ငန်းစဉ် (၇)ရပ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု၊ e-Government လုပ်ငန်းစဉ်၊ မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမလေးလပတ်အစည်းအဝေးကို ဩဂုတ် ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**

**လေးလပတ်**

**အစည်းအဝေး**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမလေးလပတ် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပစဉ်။

(သတင်းစဉ်)



## ချင်းပြည်နယ်၌ ရေအားလျှပ်စစ်စီမံကိန်း ၁၁ ခု တည်ဆောက်လျက်ရှိ

**ကလေး ဩဂုတ် ၂၁**

ချင်းပြည်နယ် ဟားခါး၊ ဖလမ်း စသည့်မြို့ကြီးများသို့ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမှသွယ်တန်းသည့် မဟာဓာတ်အားလိုင်းမှာလာမည့် ၂၀၁၅-၂၀၁၆ တွင် ရောက်ရှိတော့မည်ဖြစ်သော်လည်း ချင်းပြည်နယ်၏ဝေးလံခေါင်သီသည့် ကျေးလက်ဒေသများ၊ မြို့ငယ်များတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များရှိနေရာ နိုင်ငံတော်အစိုးရမှ ကျပ်သန်းငါးသောင်း အကုန်အကျခံ၍ ချင်းပြည်နယ်ဒေသ ၁၁ ခုတွင် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခု အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရေအားလျှပ်စစ်စီမံကိန်း ၁၁ ခု အောင်မြင်ပြီးစီးပါက ချင်းပြည်နယ်တွင် ရေအားလျှပ်စစ်စက်ရုံပေါင်း ၃၀ ရှိလာမည်ဖြစ်သည်။ မဟာဓာတ်အားလိုင်းမှ ချင်းပြည်နယ်မြို့ကြီးများသို့ လျှပ်စစ်မီးပို့လွှတ်ပြီဆိုပါက ချင်းပြည်နယ်၏ လျှပ်စစ်မီးလိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းရရှိကြမည်ဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ○**


မှန်စပေါ့ကြောင့်..အခက်မဖြစ်ရအောင်..



**မှန် ဒေါက်တာ**

ကားမှန် (မှန်စပေါ့) နှင့် အက်ကြောင်းရှည် များကို

U.S.A. ဆေး + စက် + နည်းပညာ ဖြင့် ပြုပြင်ပေးပါသည်။

မှန် အစင်းရာ (ဝိုက်ဘာစင်း) ဖျောက်ပေးသည်။

အိမ်အရောက်ဝန်ဆောင်မှုပေးပါသည်။ (+ကား ၁၅၀၀၀ ကျပ်)

**ရန်ကုန်** - သဟာဇ ဆိုင်၊ မြင်တော်သာလမ်း၊ မြရတနာ ရှော့ပင်ရုံရှေ့၊ သာကေတမြို့နယ်။

✆: 09-4211 51119, 09-4500 54449

**မန္တလေး** - အဆောင် (ဃ)၊ အခန်း(၇)၊ ပြည်ကြီးမျက်ရှင်ကားဝင်း၊ (လမ်း ၆၀၊ ၃၇-၃၈ကြား)။

✆: 09-7322 9563, 09-2506 38611

**ခေတ်မီလှပသော ကြံ့တိုင်းအောင် မျက်နှာကျက် တပ်ဆင်ပါ**

၁၀ ပေပတ်လည် (တစ်ကျင်း) ➡ အပြီးအစီး ၇၀၀၀၀ ကျပ်

(ပစ္စည်းဖိုး၊ တပ်ဆင်ခ၊ သယ်ယူစရိတ် အားလုံးပါဝင်ပြီး)

**အရည်အသွေးကောင်း** မျက်နှာကျက်ပြား (2′ x 2′)

T-Bar, L-Bar များကိုသာ သုံးစွဲတပ်ဆင်ပေးသည်။



❖ အပူဒဏ် နှင့် ဆူညံသံ လျော့ပါးစေသည်။ ❖ ဆေးသုတ်ရန်မလိုပါ။

ဆက်သွယ်ရန် - 01-541 018, 01-450 783, 09-730 20031

ကြေးမုံစာတည်းရှုထောင့် ၂၂-၈-၂၀၁၄၊ သောကြာနေ့

# မူးယစ်ကင်းစင်ပြည်တစ်ခွင်

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီး၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ မူးယစ်ဆေးဟုဆိုရာတွင် ဘိန်း၊ ဘင်း၊ ကဇော်၊ လှော်စာ၊ အရက်မှသည် စိတ်ကြွဆေးအမျိုးမျိုး ပါဝင်ပေရာ ၎င်းမူးယစ်ဆေးများကို ပုံစံအမျိုးမျိုးဖြင့် လူသားတို့ နှစ်ခြိုက်စွာ သုံးစွဲလျက်ရှိသည်။ သုံးစွဲမှုကြာမြင့်လာသည်နှင့်အမျှ မူးယစ်ကျေးကျွန်ဘဝသို့ ကျရောက်ကာ လူညွှန့်တုံးကြရသည်။

ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့် လုပ်ဆောင်နေသော်လည်း မူးယစ်ဆေးဝါးအမျိုးမျိုးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများသည် နေရာပေါင်းစုံမှ ထိုးဖောက်ဝင်ရောက်ကာ လူသားများကို အန္တရာယ်ပြုခြိမ်းခြောက်နေဆဲဖြစ်သည်။ ကမ္ဘာတစ်ဝန်း မူးယစ်ဆေးဝါး သုံးစွဲသူများအနက် အများဆုံးမှာ လူငယ်လူရွယ်များဖြစ်ကြောင်း သိရသည်။

မူးယစ်ဆေးဝါး၊ ဘိန်းတို့၏ ဇာတိချက်ကြွေမြေမဟုတ်သည့် မိမိတို့မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး ဆိုးမွေကို ယနေ့တိုင် ကျားကုတ်ကျားခဲ ဖယ်ရှားတိုက်ဖျက်နေကြရသည်။ ယနေ့အချိန်အထိ အမြစ်ကျန်နေဆဲဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကို တိုက်ဖျက်ရန်ဘက် ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းကို ၁၉၉၉ ခုနှစ်မှစတင်၍ (၁၅)နှစ်စီမံကိန်းအဖြစ် ရေးဆွဲဆောင်ရွက် ခဲ့ပြီး ၂၀၁၄ခုနှစ်မှ နောက်ထပ် ငါးနှစ်သက်တမ်းတိုးကာ ၂၀၁၉ခုနှစ်အထိ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဘိန်းစိုက်ပျိုးရာ ဒေသများကို အစားထိုးသီးနှံများစိုက်ပျိုးစေကာ မူးယစ်အန္တရာယ်ဆိုးကြီးကို တိုက်ဖျက် နေရ ဆဲဖြစ်သည်။ ယင်းသို့ တိုက်ဖျက်ရာတွင် ၁၉၉၆ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု ဟက်တာ ၁၆၃၀၀၀ ရှိခဲ့ရာမှ ၂၀၀၆ခုနှစ်တွင် ဟက်တာ ၂၁၅၀၀ အထိ ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။

ထိုကဲ့သို့ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးကာ မူးယစ်အန္တရာယ်ဆိုးကြီးကို အမြစ်ဖြတ်ချေမှုန်းနိုင်ရန်မှာ ဒေသခံပြည်သူများ၏ စားဝတ်နေရေးနှင့် လူမှုအဆင့်အတန်းများပေါ်တွင် များစွာမူတည်နေပါသည်။ သို့ပါ၍ ဘိန်းစိုက်ပျိုးရာဒေသများတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကို ရှေးရှု၍ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်မှုလျင်မြန် ချောမွေ့စေရေးနှင့် ပညာရေး၊ ကျန်းမာရေးစသည့် လူနေမှုအဆင့်အတန်းမြင့်မားရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်ပေးခြင်းဖြင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှုများ အောင်မြင်ကာ မူးယစ်အန္တရာယ်ဆိုးကြီးကို အမြစ်ဖြတ်ချေမှုန်း နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးလုပ်ငန်းများကို လုပ်ဆောင်သကဲ့သို့ တစ်ဖက်ကလည်း ပြည်ပမှဝင်ရောက်လာသည့် မူးယစ်ဆေးဝါးကုန်သွယ်မှုများကို ထိထိရောက်ရောက် တွန်းလှန်ကာကွယ်ကြရမည်ဖြစ်ပါ သည်။ ထို့ပြင် စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အခြေခံလိုအပ်သော ဓာတုပစ္စည်းများမှာ နိုင်ငံအတွင်း ထုတ်လုပ်နိုင်ခြင်းမရှိသော်လည်း နယ်စပ်မှတစ်ဆင့် နည်းမျိုးစုံဖြင့် ဝင်ရောက်နေမှုများကို အထူးကြပ်မတ်စစ်ဆေးမှုများပြုလုပ်ကြရမည်ဖြစ်ပြီး တရားဝင်ရောက်ရှိလာသော ဓာတုပစ္စည်းများကိုလည်း မူးယစ်ဆေးဝါးထုတ်လုပ်မှုများတွင် မပါဝင်စေရေး စစ်ဆေးဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ထိုကဲ့သို့ နိုင်ငံတော်မှ မူးယစ်အန္တရာယ်ဆိုးကြီးကို အရှိန်အဟုန်မြှင့်၍ လူငယ်များ မူးယစ်ဆေးစွဲပြီး လမ်းမှား သို့မရောက်စေရေး ကြိုးပမ်းနေချိန်တွင် လူငယ်လူရွယ်များကလည်း မိမိတို့၏ဘဝများကို အညွန့်တုံးစေသည့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကြီး၏ စက်ကွင်းအတွင်းသို့ မကျရောက်စေရေး ကြိုတင်ကာကွယ်သွားကြရမည်ဖြစ်ပါသည်။ ဖြစ်ပွားမှုကုသခြင်းထက် မဖြစ်ခင်ကြိုတင်ကာကွယ်ခြင်းသည်သာ အကောင်းဆုံးနည်းလမ်းတစ်ရပ်ဖြစ်ပါသည်။

သို့ပါ၍ လူသားအားလုံး၏ ဘဝများကို ဆုံးရှုံးစေရုံသာမက နိုင်ငံအေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေ စိုးမိုးရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေသည့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကြီးကို လူမှုဝန်းကျင်သို့ မဝင်ရောက်လာနိုင်စေရန် ပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ တွန်းလှန်တိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ နေပြည်တော်စိုက်ခင်းများအား လေ့လာ

**နေပြည်တော် ဩဂုတ် ၂၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ရွှေဘိုစိုက်ပျိုးရေးသိပ္ပံမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ဥတ္တရသီရိမြို့နယ် ဧက ၉၀၀ တောင်သူပညာပေးစိုက်ကွင်းရှိ ကညွတ်စိုက်ခင်း၊ နာနတ်စိုက်ခင်း၊ ဗူးစိုက်ခင်း၊ ငရုတ်စိုက်ခင်း၊ ကန်စွန်းစိုက်ခင်း၊ ပိန်းဥစိုက်ခင်း၊ ငွေချည် (၉) နှင့် ရွှေတောင် (၈)ချည်မျှင်ရှည်ဝါဂွမ်းစိုက်ခင်း၊ ကြံစိုက်ခင်းနှင့် ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ကွင်းရှင်းလင်းဆောင်၌ လေ့လာရေးဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေစျေး၊ စက်သုံးဆီစျေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၂၁**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေစျေး | ၆၆၈၈၀၀ | - | ၆၆၉၈၀၀ |
| မန္တလေး | ရွှေစျေး | ၆၆၈၁၀၀ | - | ၆၆၉၁၀၀ |

**စက်သုံးဆီစျေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၂၀၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၇၁. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၈၇. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၈. ၁၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၃၂၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၅. ၈၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၀၁၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၃၅. ၇၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၄. ၈၆၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၀၁. ၄၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၆. ၀၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

## လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးဆောင်ရွက်

**ရမ်းဗြဲ ဩဂုတ် ၂၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသူရအောင်ဘို၏ လမ်းညွှန်မှု၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးမှ အနီးကပ်ကြီးကြပ်မှု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ အကူအညီပေးမှု၊ မြို့မိမြို့ဖများ၏ ဖြည့်စွက်ဆောင်ရွက်ပေးမှုကြောင့် မြို့နယ်လျှပ်စစ်မှူး ဦးကျော်သိန်းဦးနှင့် ဝန်ထမ်းများက မြို့ပေါ် (၆) ရပ်ကွက်အတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းရှိ ဆွေးမြေ့သစ်သားတိုင်များနေရာတွင် သံတိုင်များအစားထိုး တပ်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၅၂၂)**

# ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပမည့် ‘ရွေးချယ်စားသုံးပါ၊ ကင်ဆာကာကွယ်မှာ’ ဆွေးနွေးပွဲကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၁**

**“ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်း၏”** ဆောင်ပုဒ်နှင့်အညီ ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပမည့် **“ရွေးချယ်စားသုံးပါ၊ ကင်ဆာကာကွယ်မှာ”** ဆွေးနွေးပွဲကို ဩဂုတ် ၂၃ ရက် (စနေနေ့) နံနက် ၈ နာရီခွဲမှ ၁၂ နာရီအထိ ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ ရန်ကုန်သူနာပြုတက္ကသိုလ်ခန်းမတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် အခမဲ့ကျန်းမာရေးဆေးစစ်မှုအစီအစဉ်အဖြစ် ခန္ဓာကိုယ်သိပ်သည်းဆတိုင်းတာခြင်း (BMI) နှင့်ခန္ဓာကိုယ်အဆီပါဝင်မှုတိုင်းတာခြင်း (Inner Scan)၊ သွေးချိုစစ်ဆေးခြင်း (Blood Sugar) နှင့် သွေးတွင်းအဆီ တိုင်းတာခြင်း (၁၀ ရာခိုင်နှုန်းလျှော့ကူပွန်များပေးအပ်ခြင်း)တို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နံနက်စာဖြင့် ဧည့်ခံမည်ဖြစ်သည်။

ဆွေးနွေးပွဲကို အစားအသောက်နှင့် ကင်ဆာ၊ အဝလွန်ခြင်း၊ ဆီးချိုသွေးချိုနှင့်ကင်ဆာ၊ ကိုယ်လက်လှုပ်ရှားခြင်း၊ အာဟာရမျှတစွာစားသောက်ခြင်းနှင့် ဘေးကင်းသော အစားအစာရွေးချယ်ပါစသည့် ခေါင်းစဉ်များဖြင့် ပါမောက္ခ ဒေါက်တာမျိုးဝင်း၊ ပါမောက္ခဒေါက်တာ ဒေါ်ရင်ရင်ထွန်း၊ ဒေါက်တာ ရဲတင့်လွင်နှင့်ဦးရန်လင်းတို့က ဆွေးနွေးသွားမည်ဖြစ်ပြီး တက်ရောက်လာသူများမှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်း ဖုန်း ၀၉၇၃၁၅၄၉၇၄၊ အီးမေးလ်-htun-rose@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**




အာဘာဘိုးမင်းခေါင်ပွဲသို့ ရွှေကြေးစည်
▲ အာဘာထွက်ပွဲ၊ ပုပ္ပါး၊ ညအိပ် (၃)ရက်။ Sep 8
▲ ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး (ရွှေစည်းခုံ)၊ ပခုက္ကူ (၄)ရက်။
▲ ပုပ္ပါး၊ ပုဂံ-ညောင်ဦး၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်အနှံ့ (၅)ရက်။
▲ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်ဆမ်းဂူ (၅)ရက်။
▲ ပြည်ဘုရားစုံ၊ ပေါင်းတည်ရွှေစည်းခုံပွဲ Sep 6
အဘသုဓော်ပွဲသီးသန့် အသွားအပြန် ၂ရက် Sep 9
ဖုန်းဆိုးတန်း 240860/372290 ဒေါပုံ 09-49282825 09421029191

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၄)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

09-420073607
09-73211079
09-49250637
Car Rental, Sale & Services
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

New ရွှေလမ်း အာဘာအောင်မင်းခေါင်ထွက်ရပ်အောင်ပွဲသို့
အာဘာထွက်ရပ်အောင်ပွဲ (သီးသန့်)၊ ပုပ္ပါးညအိပ် (၃)ရက်
အာဘာထွက်ရပ်အောင်ပွဲ နှင့် ပုဂံ၊ ရွှေစည်းခုံ
အာဘာထွက်ရပ်အောင်ပွဲ နှင့် တောင်ကြီး၊ အင်းလေး၊ ပင်းတယ
အာဘာထွက်ရပ်အောင်ပွဲ နှင့် ပုဂံ၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ
အာဘာထွက်ရပ်အောင်ပွဲ နှင့် ပုဂံ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်
8-9-14 ထွက်မည်
စား+တည်း ငြိမ်း
Ph: 09-49337973, 09-421041017, 09-250515335



# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား လွန်စွာအထောက်အကူပြုလိမ့်မည်ဟု ယုံကြည်

**နေပြည်တော်  ဩဂုတ်  ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတော်တို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ ရှည်ကြာသောဆက်ဆံရေး သမိုင်းအစဉ်အလာများရှိသည့်နိုင်ငံများဖြစ်ကြပါကြောင်း၊ ယခုမျက်မှောက်ကာလသည် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ဆက်ဆံရေးအကောင်းဆုံးအချိန်အခါဖြစ်ပါကြောင်း၊ တပ်မတော်နှစ်ရပ်ကြား အဆင့်မြင့်အရာရှိများ၊ ဒေသအဆင့်နယ်ခြားအရာရှိကြီးများနှင့် မြို့နယ်အဆင့် နယ်ခြားအရာရှိများ တွေ့ဆုံဆွေးနွေးမှု ပုံမှန်ဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်လျက်ရှိပါကြောင်း ယခုကျင်းပသည့် ဒုတိယအကြိမ်မြောက် မြန်မာ-ထိုင်း HLC အစည်းအဝေးမှတစ်ဆင့် တပ်မတော်နှစ်ရပ်ကြား ယုံကြည်မှု၊ အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ပိုမိုအားကောင်းလာစေရန် တည်ဆောက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ HLC ကို အောင်မြင်စွာဖွဲ့စည်းဆောင်ရွက်နိုင်သည့်အတွက် မြန်မာ့တပ်မတော်နှင့် ထိုင်းတပ်မတော်အတွက် သမိုင်းစာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်နိုင်ခဲ့သည့် မှတ်တိုင်တစ်ခုပင်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကောင်းမွန်သော နှစ်နိုင်ငံဆက်ဆံရေး အခြေအနေနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းသွားရန်လည်း လက်ဆင့်ကမ်းအမွေပေးသွားမည်ဖြစ်ပါကြောင်းဖြင့် 2nd High Level Committee Meeting ပူးတွဲဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် မြန်မာနှင့် ထိုင်းတပ်မတော်တို့၏ 2nd High Level Committee Meeting အား ယနေ့နံနက် ၁၁ နာရီတွင် ပုဂံမြို့ Aureum Palace ဟိုတယ်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn တို့နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်း၊ ကာကွယ်ရေးရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး၊ ထိုင်းဘုရင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn က အဖွင့်အမှာစကား ပြန်လည်ပြောကြားရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်များ ရှေ့သို့အတူတကွလျှောက်လှမ်းနိုင်ကြစေရေး၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း (ASEAN Community) ဖြစ်ပေါ်လာစေရေး၊ နှစ်နိုင်ငံ ပြည်သူများအား သာယာစည်ပင်မှုနှင့် ပျော်ရွှင်မှုများ ဆောင်ကြဉ်းပေးနိုင်စေရေးတို့အတွက် မျှော်လင့်ထားမိပါကြောင်း၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအတွက် ထိုင်းနိုင်ငံသားများနည်းတူ ခံစားနိုင်အောင် ဆောင်ရွက်နေပါကြောင်း၊ နှစ်နိုင်ငံနယ်နိမိတ်တိုင်းတာရေးအတွက်လည်း ထိုင်းနိုင်ငံဘက်မှ ပြင်ဆင်ဆောင်ရွက်နေပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဇူလိုင်လအတွင်း ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်မှုကို မိမိတို့အနေဖြင့် များစွာတန်ဖိုးထားပါကြောင်းဖြင့် ထည့်သွင်းပြောကြားသည်။




ထို့နောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က အစည်းအဝေးအစီအစဉ်များအား အတည်ပြုကြသည်။

ယင်းနောက် (၂၈)ကြိမ်မြောက် မြန်မာ-ထိုင်း နယ်ခြားကော်မတီအစည်းအဝေး၏ရလဒ်များကို ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်က လည်းကောင်း၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ခဲ့သည့် ကိစ္စရပ်များ၊ Navy-to-Navy Staff Talk ကျင်းပနိုင်ခဲ့မှုများ၊ Air Working Group Bilateral Meeting ကျင်းပနိုင်ခဲ့မှုများကိုတာဝန်ရှိသူတစ်ဦးကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် 2nd High Level Committee Meeting ၏ Joint Scretariat Meeting မြန်မာဘက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်နိုင်ရေးကိစ္စရပ်များနှင့် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn တို့သည် အစည်းအဝေးသဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဒုတိယအကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်ကော်မတီအစည်းအဝေးသည် ရင်းနှီးခင်မင်မှုနှင့် ညီရင်းအစ်ကိုပမာ သွေးစည်းချစ်ကြည်မှုများဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထိုအချက်သည် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတွင် အပြုသဘောဖြင့် ဆောင်ရွက်နိုင်ခဲ့ကြသည့် နောက်ထပ်အရေးပါသော ခြေလှမ်းတစ်ရပ်နှင့် သိသာထင်ရှားသော တိုးတက်မှုတစ်ခုပင်ဖြစ်ပါကြောင်း၊ မိမိတာဝန်ထမ်းဆောင်နေသည့်ကာလတစ်လျှောက် ကော်မတီအဆင့်တိုင်းတွင် အပြန်အလှန် လည်ပတ်သွားလာမှုများနှင့် ချစ်ကြည်ရေး အားကစားပြိုင်ပွဲများအစရှိသည့် ရှုထောင့်နယ်ပယ်အသီးသီးတို့တွင် တပ်မတော်နှစ်ရပ်တို့အကြား ကြီးမားသောတိုးတက်မှုရရှိခဲ့သည်ကို မျက်မြင်ထင်ရှား တွေ့မြင်ခဲ့ရပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြန်လည်ပြောကြားရာတွင် အစည်းအဝေးတွင် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုပိုမိုမြှင့်တင်နိုင်ရေးကိစ္စရပ်များနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့၍ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နှစ်ဖက်ကိုယ်စားလှယ်များအကြား အမြင်ချင်းဖလှယ်နိုင်ခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များအတွက် သဘောတူညီမှုများရရှိခဲ့၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား လွန်စွာအထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုအစည်းအဝေးသည် နှစ်နိုင်ငံနှင့်သက်ဆိုင်သော ကိစ္စရပ်များကို အောင်မြင်စွာဖြေရှင်းနိုင်သည့်အတွက် အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ခဲ့သည့် သမိုင်းမှတ်တိုင်ဖြစ်ပါကြောင်း၊ လာမည့်နှစ်တွင် ထိုင်းနိုင်ငံ၌ လက်ခံကျင်းပမည့် တတိယကြိမ်မြောက် HLC အစည်းအဝေး၌လည်း နှစ်နိုင်ငံနှင့်တပ်မတော်နှစ်ရပ်ကြား အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များ ဆွေးနွေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် နှစ်နိုင်ငံတပ်မတော်အရာရှိကြီးများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး အစည်းအဝေးတက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။

1st Thailand-Myanmar High Level Committee Meeting အား ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Dusit Thani Hotel တွင် ကျင်းပခဲ့ပြီး နှစ်စဉ် အလှည့်ကျအိမ်ရှင်နိုင်ငံအဖြစ် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယခုပြုလုပ်သည့် 2 nd HLC အစည်းအဝေးမှ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ပိုမိုရင်းနှီးချစ်ကြည်စွာဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ခြင်း၊ နှစ်နိုင်ငံနယ်စပ်ရေးရာကိစ္စရပ်များဖြစ်သော နယ်စပ်ဒေသနေပြည်သူလူထုများ အေးချမ်းတည်ငြိမ်ရေးအတွက် အထောက်အပံ့ဖြစ်စေမည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်တားဆီးရေးကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များကို အပြုသဘောဆောင်စွာဖြင့် ဆွေးနွေးနိုင်ခဲ့ခြင်းစသော အကျိုးကျေးဇူးများရရှိခဲ့ကြောင်း သိရသည်။

**(မြဝတီ)**

## စာနယ်ဇင်းကျင့်ဝတ်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ထုတ်ဝေသော ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့မှ စာတည်းအဖွဲ့ဝင်များ၊ သတင်းထောက်များသည် အများပြည်သူဝန်ဆောင်မှုသတင်းစာအုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ထားသော စာနယ်ဇင်းကျင့်ဝတ်ပါအချက်များ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)က ထုတ်ပြန်သော စာနယ်ဇင်းကျင့်ဝတ်ပါအချက်များကို လေးစားလိုက်နာပြီး သတင်းများရေးသားဖော်ပြလျက်ရှိပါသည်။

အဆိုပါ စာနယ်ဇင်းကျင့်ဝတ်များနှင့် မကိုက်ညီသည့် ရေးသားဖော်ပြခြင်းများတွေ့ရှိပါက စာတည်းမှူးချုပ်(ကြေးမုံ) ဖုန်း-၀၆၇-၃၆၁၂၄၊ အီးမေးလ် themirrordailynpt@gmail.com၊ စာတည်းမှူးချုပ်(မြန်မာ့အလင်း) ဖုန်း-၀၆၇-၃၆၁၄၀၊ အီးမေးလ် mmalnpt.th@gmail.com၊ စာတည်းမှူးချုပ်(နယူးလိုက်အော့ဖ်မြန်မာ) ဖုန်း-၀၉-၂၅၀၂၀၄၆၅၂၊ အီးမေးလ် wallace.tun@gmail.comသို့လည်းကောင်း မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)အတွင်းရေးမှူးသို့ လည်းကောင်း ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**နေပြည်တော်**

## ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်ပြီးဖြစ်

**နေပြည်တော်  ဩဂုတ်  ၂၂**

ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဝင်းမောင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် ဗန်ကောက်မြို့၌ ထိုင်းနိုင်ငံဘုရင်မင်းမြတ်ကိုယ်စား ထိုင်းနိုင်ငံအိမ်ရှေ့မင်းသား မဟာဗာဂျီရာလောင်ကွန်းထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**



# မွန်ဂိုလီးယားသို့ တရုတ်သမ္မတ ရှီကျင့်ဖျင် ရောက်ရှိ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမည်



**အူလန်ဘာတော ဩဂုတ် ၂၁**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် နှစ်ရက်ကြာခရီးစဉ်အဖြစ် မွန်ဂိုလီးယားနိုင်ငံ မြို့တော် အူလန်ဘာတောသို့ ဩဂုတ် ၂၁ရက် နံနက်က ဆိုက်ရောက်လာကြောင်း၊ ကုန်းတွင်းပိတ် မွန်ဂိုလီးယားနိုင်ငံသည် တရုတ်ပင်လယ်ဆိပ်ကမ်းများသို့ ဝင်ထွက်ခွင့် ရရှိရန်အတွက် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ ရရှိရန် မျှော်မှန်းကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

တရုတ်နှင့် ရုရှားနိုင်ငံအကြား တည်ရှိသည့် မွန်ဂိုလီးယားနိုင်ငံသို့ ရောက်ရှိလာသူ သမ္မတရှီသည် သမ္မတအယ်လ်ဘတ်ဂျဲဒါဆာဘီယာနှင့်လည်းကောင်း၊ ပါလီမန်ခေါင်းဆောင်များနှင့်လည်းကောင်း ဩဂုတ် ၂၂ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကျဆင်းခြင်း၊ ငွေကြေးဖောင်းပွနှုန်းနှင့် အလုပ်လက်မဲ့နှုန်းမြင့်တက်ခြင်းတို့နှင့် ရင်ဆိုင်နေရသော မွန်ဂိုလီးယားနိုင်ငံသည် ယင်းနိုင်ငံ၏ ဓာတ်သတ္တုပစ္စည်းများကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် နည်းလမ်းရှာဖွေလျက်ရှိသည်။

တရုတ်သမ္မတရှီ၏ ခရီးစဉ်အတွင်း မွန်ဂိုလီးယားနိုင်ငံ၌ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမြင့်တင်ရေးကိစ္စကို ဆွေးနွေးမည်ဟု မျှော်လင့်ရပြီး တရုတ်နိုင်ငံ၏ ပင်လယ်ဆိပ်ကမ်းများကို အသုံးပြု၍ မွန်ဂိုလီးယားနိုင်ငံက ဓာတ်သတ္တုပစ္စည်းများ ပြည်ပသို့ တိုးမြှင့် တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဖွယ်ရှိသည်။ **ပီတီအိုင်**



မွန်ဂိုလီးယားနိုင်ငံရှိ ကြေးနီထုတ်လုပ်ရေး သတ္တုတွင်းကို တွေ့ရစဉ်။

# အင်ဒိုနီးရှား၌ရွေးကောက်ပွဲရလဒ်အငြင်းပွားမှု ဖွဲ့စည်းပုံအခြေခံဥပဒေ တရားရုံးဆုံးဖြတ်မည်

**ဂျကာတာ ဩဂုတ် ၂၁**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့် လကကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲ၏ ရလဒ်ကို ပယ်ဖျက်ပေးရန် ဗိုလ်ချုပ်ကြီးဟောင်း ပရာဘိုဝိုဆူဘီယန်တို၏ လျှောက်ထားချက်နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ဩဂုတ်၂၁ရက်တွင် အဆုံးအဖြတ်ပေးမည် ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ရွေးကောက်ပွဲ၌ ကျယ်ကျယ်ပြန့်ပြန့်မဲလိမ်မှုများရှိခဲ့ခြင်းကြောင့် ပြိုင်ဘက်သမ္မတလောင်း အနိုင်ရရှိခဲ့သည်ဟု ပရာဘိုဝိုက ပြောကြားခဲ့သည်။

ဂျကာတာမြို့ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ တရားရုံးနှင့် မြို့တော်တစ်ဝန်း၌ ရဲတပ်ဖွဲ့ဝင်များနှင့် စစ်သည်ထောင်ပေါင်းများစွာက လုံခြုံရေးစောင့်ကြပ်ပေးထားသည်။ ရွေးကောက်ပွဲ၌ ပရာဘိုဝိုနှင့် ဂျိုကိုဝီဒိုဒိုတို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး ထောက်ခံမဲရရှိမှုချင်း ကြီးကြီးမားမား ကွာဟချက်မရှိခဲ့ပေ။

ဇူလိုင် ၉ ရက်ကကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲ၌ မိမိအနိုင်ရရှိသည်ဟု ပရာဘိုဝိုကရော ဝီဒိုဒိုကပါ ထုတ်ပြန်ကြေညာခဲ့ကြသည်။ သို့ရာတွင် နိုင်ငံတစ်ဝန်း ရက်သတ္တနှစ်ပတ်ကြာ မဲရေတွက်ခဲ့ပြီးနောက် တရားဝင်မဲစာရင်းရလဒ်ကိုထုတ်ပြန်ကြေညာရာတွင် ဝီဒိုဒိုကို အနိုင်ပေးခဲ့သည်။ **ရိုက်တာ**



အမေရိကန်နှင့်အင်ဒိုနီးရှားရေငုပ်သမားများ သင်္ဘောပျက်ကိုရှာဖွေရန် ပြင်ဆင်ကြစဉ်။

# ဒုတိယကမ္ဘာစစ်အတွင်းနစ်မြုပ်ခဲ့ရသော အမေရိကန်တိုက်သင်္ဘောတစ်စင်းကိုရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဩဂုတ် ၂၁**

ဒုတိယကမ္ဘာစစ်ကာလအတွင်းက ဂျပန်တို့၏တိုက်ခိုက်မှုကြောင့် နစ်မြုပ်သွားခဲ့ရသည့် အမေရိကန်တိုက်သင်္ဘော ယူအက်စ်အက်စ်ဟူစတန်ကို ဂျာဗားပင်လယ်ကြမ်းပြင်တစ်နေရာ၌ ရှာဖွေတွေ့ရှိရကြောင်း အမေရိကန်ရေတပ်က အတည်ပြု ပြောကြားသည်။

သင်္ဘောပျက်တည်ရှိရာနေရာသည် အမေရိကန်ရေတပ်သားများနှင့် မရိမ်းတပ်သားများဖြစ်သည့် တပ်ဖွဲ့ဝင် ၇၀၀ အတွက် ရေသင်္ချိုင်းဖြစ်ခဲ့ကြောင်း ရေတပ်ကပြောကြားသည်။

အမေရိကန်နှင့် အင်ဒိုနီးရှားရေငုပ်သမားများသည် အဆိုပါစစ်သင်္ဘောကိုယ်ထည်အပိုင်းအစများကို အထောက်အထားအဖြစ် ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းသင်္ဘောပေါ်မှ မပေါက်ကွဲသေးသည့် စစ်လက်နက်ပစ္စည်းများကို ဖယ်ရှားခဲ့ပြီးဖြစ်သည်။ ယင်းသင်္ဘောပျက်တွေ့ရှိရာနေရာသည် အပျော်တမ်းရေငုပ်သူများ ရေငုပ်လေ့ရှိသည့်နေရာအဖြစ် ကျော်ကြားသည်။ သင်္ဘောပျက်ရှာဖွေရေးအတွက် အမေရိကန်နှင့် အင်ဒိုနီးရှားရေတပ်ဖွဲ့များ ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

တိုက်သင်္ဘောယူအက်စ်အက်စ်ဟူစတန်တွင် ကမ်းတက်တပ်သားနှင့် ရေတပ်သားဦးရေ ၁၀၆၈ ဦးတင်ဆောင်လာခဲ့ပြီး ၎င်းတို့အားလုံး သင်္ဘောနစ်မြုပ်ပြီးနောက် သေဆုံးခဲ့သည်ဟု ယူဆခဲ့ကြသည်။

သို့ရာတွင် ၁၉၄၅ ခုနှစ်၌ စစ်ပွဲအဆုံးသတ်သွားပြီးနောက် ယင်းစစ်သင်္ဘောမှရေတပ်သားနှင့် ကမ်းတက်တပ်သား ၂၉၁ ဦး အသက်ရှင်သန်ခဲ့သည်ဟု သိရသည်။ စစ်သုံ့ပန်းစခန်းတွင် သုံးနှစ်ကြာချုပ်နှောင်ထားခြင်းခံရပြီးနောက် ၎င်းတို့ကို အမေရိကန်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။ **ဘီဘီစီ**

# မော်စကိုရှိ မက်ဒေါနဲလ်စားသောက်ဆိုင်များ သန့်ရှင်းရေးညံ့ဖျင်းမှုကြောင့် ပိတ်သိမ်းခံရ

**မော်စကို ဩဂုတ် ၂၁**

ရုရှားနိုင်ငံ၏အရေးပါသော စားသုံးသူအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအဖွဲ့က စားသောက်ကုန်များ၏ အရည်အသွေးစံချိန်စံညွှန်းများကိုစစ်ဆေးလျက်ရှိရာ မော်စကိုမြို့ရှိ မက်ဒေါနဲလ် စားသောက်ဆိုင်လေးဆိုင်ကို ယာယီပိတ်လိုက်ကြောင်း ယနေ့ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

ရို့(စ်)ပေါ့ရက်နက်ဇာဟုခေါ်သောအဖွဲ့က စားသောက်ဆိုင်များသည် သန့်ရှင်းရေးဆိုင်ရာ ဥပဒေများကိုချိုးဖောက်ခဲ့ကြကြောင်း ကြေညာခဲ့သည်။

၎င်းတို့သည် တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ၎င်းတို့၏ ထိပ်ဆုံးဦးစားပေးမှာ စားသုံးသူများကို အန္တရာယ်မရှိသော၊ အနံ့အရသာတို့နှင့်ပြည့်စုံသော စားဖွယ်ရာများကိုသာ ရောင်းချရန်ဖြစ်သည်ဟု မက်ဒေါနဲလ်ကပြောသည်။

စားသုံးသူအဖွဲ့သည် ရုရှားနိုင်ငံအလယ်ပိုင်း အူရေးလ်မြို့ရှိမက်ဒေါနဲလ်ဆိုင်ကိုလည်း စစ်ဆေးခဲ့ကြောင်း အီတာတပ်(စ်)သတင်းဌာနက ဖော်ပြသည်။

မော်စကိုမှမက်ဒေါနဲလ်ဆိုင်များပိတ်ခြင်းနှင့် အူရေးလ်မှ မက်ဒိုနဲလ်ဆိုင်ကို အစီအစဉ်မရှိဝင်ရောက် စစ်ဆေးခြင်းသည် ယူကရိန်းပြဿနာအပေါ် ရုရှားနှင့် အနောက်အုပ်စုအကြား တင်းမာမှုများမြင့်တက်လာစဉ် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ **ဘီဘီစီ**




မြို့တော် မော်စကိုရှိ မက်ဒေါနဲလ်စားသောက်ဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

# တရုတ်နိုင်ငံ၌မော်တော်ကားထုတ်လုပ်ရန် တောင်ကိုရီးယားဟွန်ဒိုင်းကုမ္ပဏီရည်မှန်း

**ဆိုးလ် ဩဂုတ် ၂၁**

တောင်ကိုရီးယားနိုင်ငံမှ ဟွန်ဒိုင်းမော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီသည် တရုတ်နိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုနှင့် အစုစပ်လုပ်ကိုင်မည်ဖြစ်ကြောင်း၊ ဟွန်ဒိုင်းကုမ္ပဏီသည် တရုတ်နိုင်ငံအနောက်ပိုင်း၌ မော်တော်ယာဉ်ထုတ်လုပ်ရေး သီးခြားစက်ရုံတစ်ရုံကိုလည်း ဖွင့်လှစ်သွားရန်ရည်မှန်းထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဟွန်ဒိုင်းကုမ္ပဏီသည် လောလောဆယ်ကာလတွင် တရုတ်နိုင်ငံအရှေ့ပိုင်း၌ စက်ရုံများဖွင့်လှစ်ထားသည်။ တရုတ်နိုင်ငံအနောက်ပိုင်းရှိ ချုံကင်းမြို့၌ စက်ရုံတစ်ရုံထူထောင်နိုင်ရန် ယင်းကုမ္ပဏီကရည်မှန်းထားသည်။ တရုတ်နိုင်ငံအနောက်ပိုင်းဒေသ၌ မော်တော်ကားဝယ်လိုအား မြင့်တက်လာနေချိန်တွင် ကားစက်ရုံသစ်ထူထောင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဟွန်ဒိုင်းကုမ္ပဏီသည် ကားစက်ရုံသစ်ဖွင့်လှစ်နိုင်ရေးအတွက် တရုတ်ဗဟိုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိရန်လိုအပ်သည်။ လောလောဆယ်တွင် ဟွန်ဒိုင်းကုမ္ပဏီသည် ပေကျင်းမော်တော်ယာဉ်ထုတ်လုပ်ရေးစက်မှုလုပ်ငန်းဦးပိုင်ကုမ္ပဏီက ပိုင်ဆိုင်သောစက်ရုံတစ်ရုံ၌ ဟွန်ဒိုင်းကားများတပ်ဆင်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

**ရိုက်တာ။**

ပြည်တွင်းရေးရာ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးအား ကြိုဆို

**နေပြည်တော် ဩဂုတ် ၂၁**

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် 2nd High Level Committee Meeting သို့ တက်ရောက်မည့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn နှင့် ဇနီး Mrs. Penlaksana Patimapragorn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် ပုဂံ-ညောင်ဦး လေဆိပ်သို့ ရောက်ရှိလာရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှဦးဆောင်သော မြန်မာ့တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Pisanu Suvanajata 2nd HLC အစည်းအဝေး ထိုင်းပူးတွဲအတွင်းရေးမှူး Lt.Gen. Boonchu Kirdchok နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ယင်းနောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် General Tanasak Patimapragorn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ Aureum Palace Hotel တွင် 2nd High Level Committee Meeting ကို ကျင်းပပြီး ကော်မတီဝင်များနှင့်အတူ နန်းမြင့်မျှော်စင်တွင် နေ့လယ်စာအတူတကွသုံးဆောင်ကြသည်။

ယင်းနောက်မွန်းလွဲပိုင်းတွင် 2nd HLC ပူးတွဲဥက္ကဋ္ဌများနှင့်ကော်မတီဝင်များသည် ပုဂံမြို့ရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများ၏ ရှင်းလင်းပြသမှုအပေါ် စိတ်ပါဝင်စားစွာ လေ့လာမေးမြန်းဆွေးနွေးကြသည်။

အလားတူ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ဇနီး Mrs. Penlaksana Patimapragorn ဦးဆောင်သည့်အဖွဲ့သည် နံနက်ပိုင်းတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့်အတူ ပုဂံမြို့ရှိ ရွှေပြည်နန်းသနပ်ခါးပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက မြန်မာ့သနပ်ခါး ဖြစ်ပေါ်တိုးတက်မှုသမိုင်းကို ရှင်းလင်းပြသခဲ့ကြောင်း သိရှိရသည်။

**(မြဝတီ)**



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ သင်တန်းသားများအား တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၁**

ရုရှားဖက်ဒရေးရှင်း နိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၇ ရက် ဒေသစံတော်ချိန် ၉ နာရီခွဲတွင် Moscow Power Engineering Institute သို့ ရောက်ရှိကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ပညာသင်ကြားလျက်ရှိသော မြန်မာသင်တန်းသားအရာရှိများအား တွေ့ဆုံ၍ အားပေးအမှာစကားပြောကြားသည်။ **(ယာပုံ)**



ရှေးဦးစွာ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က သင်တန်းဆိုင်ရာကိစ္စရပ်များမှာကြားပြီးနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက သင်တန်းဆိုင်ရာများ၊ စည်းကမ်းပိုင်းဆိုင်ရာ လိုက်နာရန်လိုအပ်မှုများ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ သက်သာချောင်ချိရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာ့တပ်မတော်အား Standard Army အဖြစ် တည်ဆောက်နေရာတွင် လူသားစွမ်းရည်မြင့်မားရေး၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ရရှိစေရေးအတွက် ပညာတော်သင်စေလွှတ်ထားခြင်းဖြစ်၍ နိုင်ငံနှင့် တပ်မတော်အပေါ် မိမိသင်ကြားလေ့လာခဲ့ရသည့်အသိပညာ၊ အတတ်ပညာများအား အပြည့်အဝပြန်လည်အကျိုးပြုနိုင်ရေးအတွက် လုံ့လ၊ ဝီရိယအားစိုက်၍ ကြိုးပမ်းသင်ယူကြရန် မှာကြားသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တပ်မတော်နှင့် ဝန်ကြီးဌာနများမှ သင်တန်းသားများအတွက် ပညာသင်ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့်အတူ တပ်မတော်အရာရှိကြီးများ ရုရှား ဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ယု၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ရဲနိုင်မျိုးတို့ တက်ရောက်ကြသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့မှ ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ ရုရှား ဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ယုနှင့် စစ်သံမှူး ဗိုလ်မှူးချုပ် ရဲနိုင်မျိုး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Federal Service For Military-Technical Cooperation (FSMTC)မှ နိုင်ငံတကာဆက်ဆံရေးဌာနမှူး Mr. Pletnev gor နှင့် တာဝန်ရှိသူများက Domodedovo လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**


လူကြီးမင်း
CELL PHONE VILLA
ယုံကြည်မှုနှင့်ထပ်တူရှိနေမှာ

LuGyiMin Business Group မှ အောက်ဖော်ပြပါဝန်ထမ်းများ အမြန်အလိုရှိသည်။
မိမိနှင့်ကိုက်ညီမည့်အလုပ်များကို ရွေးချယ်ပြီးအမြန်ဆုံးလျှောက်ထားနိုင်ပါပြီ။

LuGyiMin Business Group မှ အရည်အချင်းရှိသော ဝန်ထမ်းကောင်းများအား ရေရှည်လက်တွဲအလုပ်လုပ်နိုင်ရန် လိုအပ်သော Training များပေး၍ ထိုက်တန်သော ခံစားခွင့်လစာများနှင့်အတူ ခန့်ထားရန်ရှိပါသည်။

1. Sale Executive (Male/Female)-(၁၀၀) ဦး
- အသက် (၁၈)နှစ်မှ (၂၃)နှစ်အတွင်း
- တက္ကသိုလ်တက်ရောက်ဆဲ (သို့) တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီးသူ
- ရုပ်ရည်သန့်ပြန့်၍ လူအများနှင့် ဖော်ရွေစွာ ပြောဆိုဆက်ဆံနိုင်သူ
- အရောင်းလုပ်ငန်းကို စိတ်ပါဝင်စားသူ

2. Software, Hardware Technician - (၁၀၀) ဦး
- Male/Female
- အသက် (၁၈)နှစ်မှ (၂၃)နှစ်အတွင်း
- ကွန်ပျူတာဘွဲ့ (သို့) B.E (I.T) ဘွဲ့ရရှိပြီးသူ
- Software Installation နှင့် Hardware သင်တန်းများတက်ရောက်ပြီးသူ
- ရုပ်ရည်သန့်ပြန့်၍ လူအများနှင့် ဖော်ရွေစွာ ပြောဆိုဆက်ဆံနိုင်သူ
- Mobile နည်းပညာများကို စိတ်ပါဝင်စားသူ

3. Accountant Female - (၁၀) ဦး
- LCCI Level (III) အောင်မြင်ပြီးသူ (သို့) ACCA Part (II) အောင်မြင်ပြီးသူ
- Computer MicrosftOffice Accounting Software အသုံးပြုနိုင်သူ
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ် အထက်ရှိသူ
- လူအများနှင့်ပေါင်းသင်းဆက်ဆံတတ်သူ

4. Cashier (Female) - (၃၀) ဦး
- အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်း
- ဘွဲ့ရရှိပြီးသူ၊ LCCI Level (I,II) အောင်မြင်ပြီးသူ
- Excel ကျွမ်းကျင်စွာအသုံးပြုနိုင်သူ
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်အထက်ရှိသူ
- ရုပ်ရည်သန့်ပြန့်၍ လူအများနှင့် ဖော်ရွေစွာ ပြောဆိုဆက်ဆံနိုင်သူ

5. Stock Controller - (၂၀) ဦး
- Female
- အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်း
- ဘွဲ့ရရှိပြီးသူ၊ LCCI Level (I,II) အောင်မြင်ပြီးသူ
- Computer MicrosftOffice Accounting Software အသုံးပြုနိုင်သူ
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁)နှစ်အထက်ရှိသူ
- ရုပ်ရည်သန့်ပြန့်၍ လူအများနှင့် ဖော်ရွေစွာ ပြောဆိုဆက်ဆံနိုင်သူ

လျှောက်ထားလိုသူများသည် လိုအပ်သောစာရွက်/စာတမ်းများနှင့်အတူ (10/9/2014) နောက်ဆုံးထား၍ အောက်ဖော်ပြပါ ဆိုင်ခွဲများနှင့် အခြားလူကြီးမင်းဆိုင်ခွဲများအားလုံးတွင် လာရောက်လျှောက်ထားနိုင်ပါသည်။

လျှောက်ထားရန် လိပ်စာ
လူကြီးမင်း-လသာ - အမှတ်(၁၄၈)၊ လသာလမ်း(အထက်)၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁-၃၈၈၇၃၉၊ ၀၉-၇၃၀၀၉၉၈၄၊ ၀၉-၅၀၂၂၂၅
လူကြီးမင်း-ဇဝန - အမှတ်(၄၇/၅၁)၊ လေးထောင့်ကန်လမ်းနှင့်သုမင်္ဂလာလမ်းထောင့်အနီး၊ ဇဝနလမ်းဆုံ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၉-၇၃၁၁၇၇၇၈၊ ၀၉-၄၃၁၁၇၇၇၈
လူကြီးမင်း-မြောက်ဥက္ကလာ - အမှတ်(၅၄)၊ သုဓမ္မာလမ်းမကြီး၊ မယ်လမုဘုရားအနီး၊ အမှတ်(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၉-၇၃၁၉၀၀၉၉၊ ၀၉-၄၃၁၉၀၀၉၉
လူကြီးမင်း-ဖော့ကန်(အင်းစိန်) - အမှတ်(ထ/၁၇)၊ အောက်မင်္ဂလာဒုံလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၉-၇၃၂၂၁၀၂၀၊ ၀၉-၄၂၀၀၃၂၂၁၀

# နို့၊ နို့ဆီနှင့် နို့မှုန့်အမျိုးမျိုး(၂)

**အောင်ချိန်ဘွား**

ဒီနေ့ခေတ် မြန်မာလူငယ်လူရွယ်များ ခေတ်ပညာလေးတတ်လာလျှင်၊ ဘွဲ့ကောင်းကောင်းလေးရလာလျှင်၊ ကုမ္ပဏီကြီးတစ်ခုတွင် ရာထူးကောင်းကောင်းရရှိရန် ဝင်တိုးကြသည်။ ကိုယ်ပိုင်လုပ်ငန်းလေးဘာလေး လုပ်ကိုင်ရန် စိတ်မကူးကြ။

ဤသို့ ဆိုလိုက်တော့ ဘယ်မှာလဲငွေရင်း၊ ဘယ်လိုအလုပ်လုပ်စရာရှိလို့လဲဟု မေးကြမည်ထင်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးရေးကော်မတီ၏ ဗဟိုကော်မတီဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတကြီးဖြစ်သည်ကို မသိကြပြီလော။ သမ္မတကြီးက မြန်မာတွေ နို့များများသောက်ရန် တိုက်တွန်းနေသည်ကို မသိလေသလော။

ယနေ့ခေတ် မြန်မာနိုင်ငံတွင် နွားမွေးမြူရေးလုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင်ရန် အထူးလိုအပ်နေသည်။ လူတွေ အာဟာရဖြစ်ပြီး လူစဉ်မီမီကြီးထွားစေရန် အမဲသားပိုစားရမည်။ နို့ပိုသောက်ရမည်။

အမေရိကားနိုင်ငံတွင် အမေရိကန်လူမျိုးများ ဖွံ့ထွားလာစေရန် အားပေးလှုံ့ဆော်ခဲ့စဉ်က ၁၉၀၀ ပြည့်နှစ်မှစ၍ နို့စားနွားကောင်ရေ တိုး၍တိုး၍ မွေးမြူခဲ့သည်။ ထိုနှစ်က ကောင်ရေ ၁၆ သန်းခွဲ၊ ၁၉၁၀ ပြည့်နှစ်ရောက်သော် ၁၉ သန်းခွဲခန့်၊ ၁၉၂၀ ပြည့်နှစ်ရောက်သော် ၂၁ သန်းကျော်၊ ၁၉၃၀ တွင် ၂၃ သန်း၊ ၁၉၄၀ ရောက်သော် ကောင်ရေ ၂၄ သန်းကျော်အထိ တိုး၍ မွေးမြူခဲ့၊ တိုး၍ နို့သောက်ခဲ့ကြသည်။ နောက်မှ တဖြည်းဖြည်း ပြန်လျော့လာရာ ၂၀၁၃ ခုနှစ်တွင်မူ ကောင်ရေ ကိုးသန်းကျော်သာရှိတော့သည်။

မြန်မာနိုင်ငံတွင် အင်္ဂလိပ်ခေတ်က ကျွဲ၊ နွားကောင်ရေ အလွန်များခဲ့သည်။ ၁၉၈၈ ခုနှစ်က နွားကောင်ရေ ၁၀ ဒသမ ၀၈ သန်းကျော် မွေးမြူခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ၁၃ သန်းကျော်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင်မူ နွားကောင်ရေ ၁၆ သန်းခွဲကျော်ထိ ရှိလာသည်။ ယခုကဲ့သို့ နိုင်ငံတော်သမ္မတကြီးက အားပေးချိန်တွင် ပုဂ္ဂလိကအသေးစားနှင့်အလတ်စား လုပ်ငန်းရှင်များ နွားမွေးမြူရေးလောကထဲပစ်ဝင်ရန် အချိန်တန်ပြီ။ နိုင်ငံတော်အစိုးရကလည်း လိုအပ်သည်များအားလုံး ကူညီပံ့ပိုးပေးသင့်သည်။

ကျွဲနွားစသည့် မွေးမြူရေးလုပ်ငန်းကို ခေတ်လူငယ်များ အထင်မသေးသင့်ပေ။ ကြီးကြီးကျယ်ကျယ် နှိုင်းပြောရလျှင် ကမ္ဘာ့နံပါတ်တစ်နိုင်ငံဖြစ်သည့် အမေရိကန်၏ ထိပ်ဆုံးခေါင်းဆောင် သမ္မတဘွတ်ရှ်နှင့် သူ့သား သမ္မတဘွတ်ရှ်တို့သည် တက်ဆပ်ပြည်နယ် မွေးမြူရေးခြံမှ ဘိုးဘွားများက ဆင်းသက်လာသည်။ မူလက မွေးမြူရေးမျိုးရိုးဖြစ်သည်။ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းကို ဂုဏ်ငယ်သည်ဟု မထင်ဘဲ လုပ်ကိုင်သင့်သည်။

ကျွဲ၊ နွားအကြောင်းပြောလျှင် ကမ္ဘာပေါ်၌ အမဲသားအများဆုံး ထုတ်လုပ်သော နိုင်ငံသည် အမေရိကားပင်ဖြစ်သည်။ ထို့နောက် ဘရာဇီး၊ တရုတ်၊ အိန္ဒိယစသဖြင့် အစဉ်လိုက်ရှိသည်။ မြန်မာအိမ်နီးချင်းနှစ်နိုင်ငံ ဝဲယာတို့တွင် အမဲသား ထုတ်လုပ်မှု တတိယနှင့် စတုတ္ထနေရာတွင် လိုက်နေမှတော့ မြန်မာတို့များစွာမှ အဆက်အစပ်လုပ်နိုင်သည်။ ဤကား အသားထုတ် နွားအကြောင်းမျှ ဖြစ်သည်။ နို့စားနွားအကြောင်းပြောလျှင် နို့အကြောင်း ပါလာသည်။

နို့ဆိုသည်မှာ လူသားတို့ အများဆုံး စားသုံးသော အစားအသောက်တစ်မျိုးဖြစ်သည်။ အပူအအေးမုန့်မျိုးစုံ၊ အရည်မျိုးစုံတွင် ထည့်သုံးသည်။ နို့မှုရင်းအသွင်နှင့်လည်း သုံးသည်။ ထောပတ်၊ ဒိန်ခဲ၊ ဒိန်ချဉ်၊ နို့စိမ်း၊ နို့ဆီ၊ နို့မှုန့်အဖြစ်လည်း စားသုံးကြသည်။ မွေးမြူပြီး နို့ထွက်ပစ္စည်းထုတ်လုပ်ပါက ထုတ်မလောက်ရောင်းကုန်မည်သာဖြစ်သည်။

ထောပတ်ဟူသော ဆီဦးသည် ဗုဒ္ဓမြတ်စွာဘုရားရှင် လက်ထက်ကတည်းက လူတို့ လှိုင်လှိုင်စားသုံးခဲ့သော အစဉ်အလာကြီးသည့် စားဖွယ်ဖြစ်သည်။ နောက်ပိုင်း Butter Oil ခေါ် ထောပတ်အဆီသည် စားရုံမက စက်မှုကုန်ကြမ်းအဖြစ် များစွာအသုံးဝင်သည်။

ဒိန်ခဲသည်ကား ရှေးကတည်းက မသိုးစားဖွယ်အဖြစ်နှင့် အားဖြည့်စေသော အချိုမှုန့်အဖြစ် အလွန်စားသုံးခဲ့သည်။ နောက်ပိုင်း အနောက်တိုင်းမှစကာ Cheese ခေါ်ငန်ဆိမ့်သော အပြားအတုံးများသည် အနောက်တိုင်းစားဖွယ်တို့တွင် မပါမပြီးသော နေရာတွင် ယူထားသည်။ အီတလီမှ စပတ်ဂတီခေါက်ဆွဲတွင် Cheese ကို လှိုင်လှိုင်ထည့်သည်။ ပီဇာတွင်လည်း သုပါသည်။ ဆင်းဒဝစ်ချ်၊ ဟန်ဘာဂါနှင့် အလွန်လူကြိုက်များသော မုန့်များတွင် Cheese ပါဝင်သောကြောင့် တစ်နေ့တစ်နေ့ ကမ္ဘာ့ဈေးကွက်တွင် Cheese ဝယ်လိုအားသည် တိုး၍တိုး၍ များလျက်ရှိသည်။

နို့ထဲမှ Cheese ခေါ် ဒိန်ခဲပျော့ ထုတ်နုတ်ရုံသာမက Casein ဟူသော ဒိန်ခဲမာတစ်မျိုးလည်း ထုတ်နုတ်သေးသည်။ ထို Casein ဓာတ်သည် ပျော့တွဲစေးထန်သည့် ဂုဏ်သတ္တိရှိသောကြောင့် ပလတ်စတစ်နှင့် ကော်ပစ္စည်းများတွင် ထည့်သုံးရာ ကြည်လင်ဖြူဖွေးပြောင်လက်မှုဖြစ်စေသည်။ ကြယ်သီး၊ ဖန်ခွက်တုခေါ် Amino- plastic ခွက်၊ မီးခလုတ်စသည်တို့တွင် အသုံးတည့်သည်။ ထို့ကြောင့် နို့ထဲမှ Casein ဓာတ်များစွာ ထုတ်လုပ်ပြီး စက်မှုလုပ်ငန်း၏ ကုန်ကြမ်းရောရာ ပစ္စည်းအဖြစ် ထုတ်လုပ်ရာ နို့အလွန်ဖြုန်းအား ကောင်းလာသည်။ မူလကတည်းက အလွန်စားသုံးသည့် Cheese ထုတ်နုတ်သောနို့မှ အသုံးများသည့် Casein ကိုပါ ထုတ်နုတ်ပြန်ရာ ဘေးထွက်ပစ္စည်းအဖြစ် နို့ရည်စိမ်းဖန့်ဖန့်များစွာကို စွန့်ပစ်ပစ္စည်းအနေဖြင့် ပစ်ရန်နေရာရှာရန် ခက်ခဲသည်။

ထိုအခါ အဆိုပါ ဘေးထွက်ပစ္စည်း နို့ရည်စိမ်းနောက်နောက်အရည်ကြည်များကို Rennet နှင့် Chymosin စသော အချဉ်ပေါက် ကစီအင်ဇိုင်းနှင့် အခဲဖြစ်အောင် ပြုလုပ်သည်။ ဆက်၍ အမှုန့်ဖြစ်အောင် Ultrafiltration အနုစိတ်စစ်နည်းဖြင့် ထုတ်လုပ်သောအခါ WHEY POWDER ဆိုသည့် နို့မှုန့်တစ်မျိုး ထွက်ပေါ်လာသည်။ WHEY POWDER နှစ်မျိုး ရှိသည်။ အချိုကဲ Lctose များများ ပါသည်ကတစ်မျိုး၊ အသားဓာတ်ကဲ Protein များများပါသည်ကတစ်မျိုး နှစ်မျိုးရှိသည်။ နှစ်မျိုးစလုံး ရှိသင့်သော သတ္တုဓာတ်များပါရှိ၍ အာဟာရဖြစ်စေသည်။ ထိုစွန့်ပစ်ပစ္စည်းခေါ် ဘေးထွက်ပစ္စည်းမှ ထုတ်လုပ်သော နို့မှုန့်သည် ဈေးချိုပြီး မူလနို့မှုန့်လောက် လူကို အာဟာရဓာတ်စုံစုံ မပေးနိုင်သောကြောင့် အရည်အသွေးတော့ ညံ့သည်။

သို့သော် ထို WHEY POWDER နို့မှုန့်သည် သွေးတိုးသမား၊ ကိုလက်စထရောများသောသူများနှင့် ပို၍ပင်တည့်သောကြောင့် နို့ဆီချက်လုပ်ရာတွင် အသုံးတည့်သည်။ ဈေးနှုန်းလည်း အလွန်ချိုသာသောကြောင့် ယနေ့ မြန်မာနိုင်ငံရှိ နို့ဆီချက်စက်ရုံများက နွားနို့၊ ကျွဲနို့များအစား ထို WHEY POWDER နို့မှုန့်ကို သုံးလာကြသည်။ ဤသို့ WHEY POWDER နို့မှုန့်မှ နို့ဆီ (Sweetened Condensed Milk) ချက်လုပ်နည်းကို သုံး၍ ထွက်လာသည့် နို့ဆီကို Reconstituted Condensed Milk သို့မဟုတ် Recombined Condensed Milk ပြန်ရောပြန်ပေါင်းစပ်နို့ဆီဟု ခေါ်သည်။ ပြည်ပမှ တင်သွင်းပါက နို့မှ တိုက်ရိုက်ချက်လုပ်သော နို့ဆီထက် အများကြီးပို၍ ဈေးချိုသည်။

ထို့ကြောင့် ဈေးချိုလှသော WHEY POWDER နို့မှုန့်များကို ပြည်ပမှတင်သွင်း၍ ပြန်ပေါင်းစပ်နို့ဆီများ ထုတ်လုပ်ရောင်းချသူများသည် ယင်းကဲ့သို့ နို့ဆီများကို ဈေးနှုန်းချိုသာစွာဖြင့်သာ ရောင်းချပေးသင့်သည်။

WHEY POWDER ခေါ် နို့မှုန့်ကို ပြည်ပမှ တင်သွင်း နို့ဆီများ ချက်လုပ်ခြင်းကြောင့် နို့စားနွားမွေးသူများ အခက်တွေ့နေသည်ကို မည်သို့ ဖြေရှင်းပေးမည်နည်းဟု ဆိုသော် နိုင်ငံတော်အစိုးရကူညီမှုဖြင့် SME များကို Cheese နှင့် Casein ထုတ်လုပ်သည့် စက်ရုံများ အမြန်တည်ထောင်ပေးရန်ဖြစ်သည်။ ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအား အလွန်ကြီးသည့် Cheese နှင့် Casein များ ထုတ်လုပ်နိုင်ရန် နိုင်ငံခြားမှ ထိုနယ်ပယ်ရှိ နာမည်ကြီး ရင်းနှီးမြှုပ်နှံသူများနှင့် ဖက်စပ်လုပ်ကိုင်နိုင်ရေး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးရေးအဖွဲ့က အားပေးကူညီရန် ဖြစ်ပါတော့သည်။ ။

## အာဟာရပြည့်ဖို့ ကြိုးပမ်းစို့

❖ အာဟာရပြည့်ဖြိုး၊ စွမ်းအင်တိုးမှ ဖွံ့ဖြိုးကျန်းမာ၊ စိတ်ချမ်းသာ၏။

❖ အာဟာရလျှင်၊ အသက်ရှင်ဖို့ စုံလင်မျှတ၊ မှီဝဲရ၏။

❖ မဝမမျှ၊ စားသုံးရသော် ကာယချို့တဲ့၊ ဉာဏ်ချို့တဲ့၍ ယိမ်းနွဲ့မခိုင်၊ ဆုံးရှုံးနိုင်၏။

❖ ကလေးသူငယ်၊ နို့စို့ရွယ်မှ လူငယ်လူလတ်၊ လူကြီးထိပ်၍ မလပ်စေရ၊ အာဟာရကို မျှတသေချာ၊ သုံးစွဲလာအောင် ပညာလည်းပေး၊ ကူညီပေး၍ ဖေးဖေးမမ၊ လက်တွဲကြလျှင် လောကလူ့ရွာ ငြိမ်းချမ်းသာ၏။

❖ အာဟာရပြည့်လျှင်၊ ရောဂါစင်၍ ပျော်ရွှင်ကျန်းမာ၊ စိတ်ချမ်းသာမို့ ချမ်းသာဆင်းရဲ၊ အတူတွဲ၍ ထိထိဝင်ဝင်၊ ခေတ်အမြင်ဖြင့် ပေါ်လွင်ထင်ဟပ်၊ အနာဂတ်ကို ပေါင်းစပ်တည်ဆောက်ကြပါစို့။

**ပန်းတောင်းသန်းကြွယ်**

**Maruman Golf Showroom & Sale Centre ဆိုင်သစ်ဖွင့်လှစ်ခြင်း**

ကျွန်တော်များ ကောင်းမြတ်ကုမ္ပဏီလီမိတက်၏ Maruman Golf Showroom & Sale Centre (KM Golf Centre) ဆိုင်သစ်အား အောက်ဖော်ပြပါလိပ်စာ တွင် (၂၂.၈.၂၀၁၄)နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါကြောင်း မိတ်ဟောင်း၊ မိတ်သစ်များအား အသိပေး ကြေညာအပ်ပါသည်။

လိပ်စာ။ ။ **International Business Centre (IBC)**

(၆) မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့။

Phone ။ ။ 09 73236363, 01 704896

**Promotion**

ဆိုင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် (၂၂.၈.၂၀၁၄) မှ (၃၁.၈.၂၀၁၄) နေ့အထိ ဝယ်ယူသော Customer များအား အထူးလျော့ဈေးဖြင့် ရောင်းချပေးမည် ဖြစ်ပါသည်။

## ပြည်တွင်းရေးရာ

# အီဘိုလာနှင့် ပတ်သက်၍ သတင်းအချက်အလက်ရရှိမှု အလွန်အရေးကြီး

**နေပြည်တော် ဩဂုတ် ၂၁**

ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါ ကာကွယ်ကုသနှိမ်နင်းရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပရာ ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါ ကာကွယ်ကုသ နှိမ်နင်းရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က အမှာစကားပြောကြားရာတွင် ယခင်ကြုံတွေ့ခဲ့သော ဆားစ်ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းအတွေ့အကြုံများအပေါ် မူတည်ပြီး ဤလုပ်ငန်းကော်မတီကိုဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် မတ်လမှစတင်၍ အနောက်အာဖရိကနိုင်ငံ လေးနိုင်ငံတွင် ဖြစ်ပွားမှုနှင့်သေဆုံးမှုများပြားလာသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ် ကျန်းမာရေးပြဿနာအဖြစ် သတ်မှတ်ထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံအတွင်း ရောဂါပိုးကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းသည် အရေးကြီးသောလုပ်ငန်း ဖြစ်ကြောင်း၊ ထို့ကြောင့် နီးနွယ်ဝန်ကြီးဌာနများမှ ကော်မတီဝင်များနှင့်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်လိုအပ်သဖြင့် ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါ ကာကွယ်ကုသနှိမ်နင်းရေး လုပ်ငန်းကော်မတီအား ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီဝင်များက တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်းနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းကို ထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း။

ယခုအခါ မြန်မာနိုင်ငံအနေဖြင့် သံသယရှိ စုံစမ်းစစ်ဆေးဆဲလူနာ တစ်ဦးကိုတွေ့ရှိခဲ့ကြောင်း၊ အီဘိုလာရောဂါနှင့် ပတ်သက်၍ ပြည်သူလူထုသာမက ကျန်းမာရေးဝန်ထမ်းများကိုလည်း အသိပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပညာပေးလုပ်ငန်းများကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် မီဒီယာများမှတစ်ဆင့်ပြည်သူလူထုအား အသိပညာပေးလျက်ရှိပြီး လိုအပ်သလို တိုးချဲ့၍ သတိပေးချက်များထုတ်ပြန်ရန် လိုအပ်ကြောင်း၊ အီဘိုလာရောဂါနှင့် ပတ်သက်၍ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးကြီးသဖြင့် ပြည်သူလူထုအတွင်း ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ ရောဂါလက္ခဏာများတွေ့ရှိရပါက သတင်းအချက်အလက်များကို ပေးပို့ကြရန်လိုအပ်ကြောင်းနှင့် လက်ရှိအတွေ့အကြုံပေါ်မူတည်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား အကြံပြုဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက သံသယရှိ စုံစမ်းစစ်ဆေးဆဲ လူနာကို တွေ့ရှိခြင်းကြောင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ရန်၊ မိသားစုဝင်များနှင့် ပြည်သူလူထု သိရှိရန်သတင်းအချက်အလက်များကို ဆက်လက်ထုတ်ပြန်ပေးရန် လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါ ကာကွယ်ကုသနှိမ်နင်းရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းက ကမ္ဘာပေါ်တွင် အီဘိုလာရောဂါ ဖြစ်ပွားမှုအခြေအနေ၊ နိုင်ငံများတွင် ဆောင်ရွက်နေသော အီဘိုလာဗိုင်းရပ်စ်ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများနှင့် ပတ်သက်သော ကော်မတီအလိုက် ပူးပေါင်းဆောင်ရွက်ရမည့်အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသောအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဝင်များက မိမိတို့ကော်မတီအလိုက် ဆောင်ရွက်နေသည့် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်း၊ လေဆိပ်၊ သင်္ဘောဆိပ်နှင့် နယ်စပ်ဝင်ပေါက်များတွင် ဆောင်ရွက်နေသည့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ၊ သံသယရှိသောလူနာနှင့် လိုက်ပါပို့ဆောင်သူများအား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဆွေးနွေးတင်ပြမှုများအပေါ် ဖြည့်စွက်ဆွေးနွေးပြီး ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**❐ကျောဖုံးမှ**

သတ်မှတ်ချက်အရ အိန္ဒိယနိုင်ငံ ပူးနေမြို့ရှိ ဗိုင်းရပ်စ်ဗေဒဓာတ်ခွဲခန်းသို့ ပေးပို့နိုင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ အကြောင်းကြားခြင်း၊ သက်ဆိုင်ရာနိုင်ငံ၏ သဘောတူညီချက်ရယူခြင်း၊ လေကြောင်းဖြင့် ပို့ဆောင်ခွင့်ရရှိစေရန်အတွက် International Air Transport Association-IATA ၏ သဘောတူညီချက်ရယူခြင်း စသည့်လုပ်ငန်းစဉ်များကို စီစဉ်လျက်ရှိကြောင်းနှင့် အီဘိုလာဗိုင်းရပ်စ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းနှင့်ပတ် သက်၍ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်မြို့ ဆင်ခြေဖုံးနေပြည်သူလူထုအတွက် ထောင်စုနှစ်ပံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်သုံးမျိုး ရန်ပုံငွေအဖွဲ့ (3 MDG Fund)က ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမည်

သတင်း - မိုးသူဇာစိုး၊ ခင်ချိုဝင်း
ဓာတ်ပုံ - ဇော်မင်းလတ်

**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်မြို့၏ တိုးတက်များပြားလာသော မြို့ပြလူဦးရေတွင် ဆင်ခြေဖုံးဒေသနေ ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်သည် လူဦးရေအချိုးနှင့်အညီ မြင့်တက်လျက်ရှိရာ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက် ဖြည့်တင်းသွားနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတို့ ပူးပေါင်းကာ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်သုံးမျိုး ရန်ပုံငွေ (Three Millennium Development Goal- 3 MDG Fund)ဖြင့် ရန်ကုန်မြို့ ဆင်ခြေဖုံးဒေသရှိ ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ထိရောက်စွာဖြည့်တင်းပေးသွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပသော ရန်ကုန်မြို့ ဆင်ခြေဖုံးနေပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု အလုပ်ရုံဆွေးနွေးပွဲ (Workshop on Health Care for Peri-Urban Population in Yangon City)မှ သိရသည်။



ဒေါက်တာကျော်ညွန့်စိန်
(3 MDG မှ အထက်တန်းအကြံပေး)

ဆင်ခြေဖုံးဒေသနေပြည်သူ လူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုတိုးတက်ထောက်ပံ့ပေးနိုင်မည့် ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းရည်တိုးတက်ရေး၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိနိုင်ရေး၊ မြို့ပြဆင်ခြေဖုံးကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ မူဝါဒများချမှတ်ဆောင်ရွက်သွားနိုင်ရေး စသည့် အချက်များပါဝင်သည့် လူထုအခြေပြုဆင်ခြေဖုံးကျန်းမာရေးစနစ်(Community Based Peri-Urban Health System) ဖြစ်ထွန်းလာရန် နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းကာ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အရှိန်ပြင်းစွာပြောင်းလဲနေသော မြို့ပြဖွံ့ဖြိုးမှု (Rapid Urbanization) သည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတွင်ပါ ကြုံတွေ့နေရသောပြဿနာတစ်ခုဖြစ်ကာ ၁၉၅၀ ခုနှစ်က လူဦးရေ ၁ ဒသမ ၃ သန်းသာရှိခဲ့သော ရန်ကုန်မြို့သည် ၂၀၁၄ ခုနှစ် ဧပြီလတွင် ဆောင်ရွက်ခဲ့သည့် သန်းခေါင်စာရင်းကောက်ယူမှုစာရင်းအရ လူဦးရေ ငါးသန်းခန့်ရှိလာမည်ဟု ခန့်မှန်းထားကြသည်။

လူဦးရေ ငါးသန်းကျော်ရှိသည့် မြို့များကို Mega City ဟုခေါ်ဆိုရာ ရန်ကုန်မြို့သည် Mega City ဖြစ်ရန် တာစူနေပြီဖြစ်ကာ ၂၀၁၄ ခုနှစ်တွင် စတုရန်းမိုင် ၃၀၀ အကျယ်အဝန်းရှိသည့် ရန်ကုန်မြို့တွင် ကောင်းမွန်ပြည့်စုံသည့် မြို့ပြလူနေမှုစနစ်ကို အချိန်တိုအတွင်း အကောင်အထည်ဖော်ရန် စိန်ခေါ်မှုများစွာရှိနေပြီး အဆိုပါ စိန်ခေါ်မှုများထဲမှ ဆင်ခြေဖုံးဒေသနေ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ၁၉၉၀ ခုနှစ်မှ ယနေ့အထိ ဒေသန္တရကျန်းမာရေးဆေးခန်း ၃၃ ခုနှင့် ကျန်းမာရေးဌာနခွဲ ၁၈ ခုဖြင့် မြို့ပြလူထုအတွက် ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ပုဂ္ဂလိကဆေးခန်းနှင့် သားဖွားခန်း ၃၀၀၀ ကျော်၊ ပုဂ္ဂလိကဆေးရုံ ၄၀ ကျော်ရှိကြောင်း ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ သိရသည်။

ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းအနေဖြင့် ဆေးခန်းများဖွင့်လှစ်ခြင်းအပြင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာရေးဆွဲရေးအတွက်ပါ ဆောင်ရွက်နေပြီး ရန်ကုန်မြို့တွင် ဆေးပေးခန်းပေါင်း ၁၂ ခုရှိကာ ချင်းပြည်နယ် ဖလမ်းမြို့နှင့် တီးတိန်မြို့များအပြင် မကွေးမြို့၊ ပြည်မြို့နှင့် တောင်ငူမြို့များတွင်ပါ ဖွင့်လှစ်ထားပြီး ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် ဆေးပေးခန်းများ ဆက်လက်ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။ ရခိုင် ပြည်နယ်တွင် ဆေးပေးခန်းများ ဖွင့်လှစ်သွားနိုင်ရေးအတွက် အမေရိကန်အခြေစိုက် အရပ်ဘက် အဖွဲ့အစည်းတစ်ခုမှ အကူအညီပေးလျက်ရှိပြီး မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းက မြောက်ဒဂုံမြို့နယ်ရှိ ဆေးပေးခန်းကို အဆောက်အအုံ ပြုပြင်ဆောက်လုပ်ပေးထားကြောင်း သိရသည်။



ဒေါက်တာသန်းစိန်
(ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ)

"ဆင်ခြေဖုံးနေလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရရှိနိုင်ရေးမှာ စိန်ခေါ်မှုတွေကို ဖြေရှင်းဖို့ ချမှတ်ရမယ့် မူဝါဒဆိုင်ရာ အကြံပြုချက်တွေ၊ ဆင်ခြေဖုံးဒေသ ကျန်းမာရေးစောင့်ရှောက်မှုကို တာဝန်ယူကြမယ့်သူတွေက အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ တာဝန်ဝတ္တရားစီမံခန့်ခွဲမှုမှာ စုပေါင်းဆောင်ရွက်မယ့်နည်းလမ်းတွေတစ်ဦးချင်းဆောင်ရွက်ရမယ့်နည်းလမ်းတွေကို ဒီအလုပ်ရုံဆွေးနွေးပွဲမှာ ဆွေးနွေးသွားမှာပါ။ နိုင်ငံတော်အစိုးရကလည်း တတိယအဆင့်ပြုပြင်ပြောင်းလဲရေး(Third Wave)ဖြစ်တဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှုမှာ အဓိကပါဝင်တဲ့ လူတိုင်းလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage)ရရှိရေးကို အပြည့်အဝကူညီပေးနေပါတယ်"ဟု ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌဖြစ်သူ ဒေါက်တာသန်းစိန်က ပြောကြားသည်။

ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်သုံးမျိုး ရန်ပုံငွေအဖွဲ့(3 MDG Fund)သည် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ဖြစ်သော ရောဂါတားဆီးရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ မိခင်နှင့် ကလေး ကျန်းမာရေးစောင့်ရှောက်မှုပေးရေး ဟူသော ရည်မှန်းချက်သုံးရပ်ပြည့်မီရေးအတွက် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအတွက် ရန်ပုံငွေအမေရိကန်ဒေါ်လာသန်း ၃၀၀ သုံးစွဲကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

3 MDG Fund မှ အထက်တန်းအကြံပေးဖြစ်သူ ဒေါက်တာကျော်ညွန့်စိန်က "မြို့ပြဆင်ခြေဖုံးနေလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ဖို့အတွက် 3 MDG Fund က ကူညီပေးထားတာဖြစ်ပါတယ်။ ဆင်ခြေဖုံးနေ လူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို လိုအပ်တဲ့အချိန်မှာ၊ လိုအပ်တဲ့နေရာမှာ ရနိုင်အောင် ဆောင်ရွက်သွားမှာပါ။ ဥပမာ ဒလ၊ လှိုင်သာယာ၊ မြောက်ဒဂုံ၊ ရွှေလင်ပန်း စတဲ့ ဆင်ခြေဖုံးမြို့နယ်တွေမှာ နေထိုင်သူတွေ၊ စက်ရုံ၊ အလုပ်ရုံတွေမှာ လုပ်ကိုင်ရင်း ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သူတွေကို ၂၄ နာရီ ဝန်ဆောင်မှုပေးနိုင်တဲ့အထိ ရည်ရွယ်ထားပါတယ်။ ရန်ကုန်မြို့နေလူဦးရေရဲ့ ၄၀ ရာခိုင်နှုန်းခန့်ဟာ ဆင်ခြေဖုံးမြို့နယ်တွေမှာ နေထိုင်ပြီး ၁၀ ရာခိုင်နှုန်းက ဆင်းရဲနွမ်းပါးသူများဖြစ်ပါတယ်။ ဒီအစီအစဉ်က လူဦးရေ ၂ သန်းလောက်ကို ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံသွားနိုင်မယ်လို့ထင်ပါတယ်။ အထူးသဖြင့် 3 MDG Fund က မိခင်နှင့် ကလေး စောင့်ရှောက်မှုမှာ ဆေးဝါးထောက်ပံ့မှုသာမက ကျန်းမာရေးစောင့်ရှောက်မှုပေးမယ့်သူတွေကိုပါ စီစဉ်ဆောင်ရွက်သွားမှာပါ"ဟု ၎င်းကပြောကြားသည်။

ရန်ကုန်မြို့ ဆင်ခြေဖုံးနေပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု အလုပ်ရုံဆွေးနွေးပွဲကို ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း၊ ကျန်းမာရေးဦးစီးဌာန၊ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်သုံးမျိုးရန်ပုံငွေအဖွဲ့ (3 MDG Fund) တို့ပူးပေါင်းကျင်းပကြောင်း သိရသည်။ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းက ယခုနှစ်တွင် အရက်သုံးစွဲမှုလျော့ကျရေးအတွက် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်မှ ချမှတ်သင့်သည့် မူဝါဒများနှင့် ထိန်းချုပ် ဆောင်ရွက်မည့် နည်းလမ်းများအတွက် ယခုနှစ် ဩဂုတ်လ စတုတ္ထပတ်တွင် နေပြည်တော်၌ ဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။ ။



# ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမလေးလပတ်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးဌာနများမှ တင်ပြသည့် အချက်အလက်များ

## ပုဂ္ဂလိက ကဏ္ဍပြောင်းလဲတိုးတက်ဖွံ့ဖြိုးရေး အတွက် ပြည်ထောင်စု ဝန်ကြီးဌာနများ နှင့် တိုင်းဒေသကြီးပြည်နယ်များက ဆောင်ရွက်မှုများ နှင့်တိုးတက်မှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကုန်စည်ဒိုင်ဖွင့်လှစ်ထားရှိမှုအခြေအနေ | ၂၀၁၀-၁၁ ခုနှစ် | ၂၀၁၃-၁၄ ခုနှစ် | တိုး |
|---|---|---|---|---|
| ၁ | ကုန်စည်ဒိုင် | ၁၈ | ၅၁ | ၃၃ |
| ၂ | လက်ကားကုန်စည်ဒိုင် | ၃၆ | ၅၂ | ၁၆ |
| | စုစုပေါင်း | ၅၄ | ၁၀၃ | ၄၉ |

## ကုန်စည်ဒိုင်နှင့် လက်ကားကုန်စည်ဒိုင်များဖွင့်လှစ်ထားရှိမှုအခြေအနေ (၂၀၁၀-၁၁ ခုနှစ်၊ ၂၀၁၃-၁၄ ခုနှစ်)




## ပုဂ္ဂလိက ကဏ္ဍပြောင်းလဲတိုးတက်ဖွံ့ဖြိုးရေး အတွက် ပြည်ထောင်စု ဝန်ကြီးဌာနများ နှင့် တိုင်းဒေသကြီးပြည်နယ်များက ဆောင်ရွက်မှုများ နှင့်တိုးတက်မှုအခြေအနေ

| စဉ် | ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတိုးတက်မှုအခြေအနေ | ၂၀၁၀ ခုနှစ် | ၂၀၁၃ခုနှစ် | တိုး |
|---|---|---|---|---|
| ၁ | ခရီးသည်ဝင်ရောက်မှု (သန်း) | ၀.၈၂ | ၂.၀၄ | ၁.၂၂ |
| ၂ | ခရီးသွားလုပ်ငန်းမှဝင်ငွေရရှိမှု ( US $) | ၃၁၉ | ၉၂၆ | ၆၀၇ |
| ၃ | ဟိုတယ်များ (လုံး) | ၆၇၇ | ၁၀၀၀ | ၃၂၃ |

## ပုဂ္ဂလိက ကဏ္ဍပြောင်းလဲတိုးတက်ဖွံ့ဖြိုးရေး အတွက် ပြည်ထောင်စု ဝန်ကြီးဌာနများ နှင့် တိုင်းဒေသကြီးပြည်နယ်များက ဆောင်ရွက်မှုများ နှင့်တိုးတက်မှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဓါတ်အားသုံးစွဲမှု (ယူနစ်သန်းပေါင်း) | | |
|---|---|---|---|---|
| | | ၂၀၁၀-၁၁ ခုနှစ် | ၂၀၁၃-၁၄ ခုနှစ် | တိုး |
| ၁ | ကချင် | ၄၁.၉၁၉ | ၅၇.၁၂၈ | ၁၅.၂၀၉ |
| ၂ | ကယား | ၂၄.၅၆၃ | ၃၇.၀၀၈ | ၁၂.၄၄၅ |
| ၃ | ကရင် | ၁၇၀.၀၃၂ | ၁၆၆.၄၁၆ | - |
| ၄ | ချင်း | ၄.၅၄၄ | ၄.၉၆၅ | ၀.၄၂၀ |
| ၅ | မွန် | ၁၃၅.၇၃၉ | ၂၂၅.၉၉၇ | ၉၀.၂၅၈ |
| ၆ | ရခိုင် | ၈.၁၄၈ | ၂၃.၆၆ | ၁၅.၅၁၂ |
| ၇ | ရှမ်း (မြောက်) | ၁၆၉.၃၇၉ | ၂၉၁.၈၇၆ | ၁၂၂.၄၉၇ |
| ၈ | ရှမ်း (တောင်) | ၉၄.၀၇၄ | ၁၉၇.၇၂ | ၁၀၃.၆၄၆ |
| ၉ | ရှမ်း (အရှေ့) | ၄၈.၀၄၀ | ၆၆.၂၇၂ | ၁၈.၂၃၂ |
| ၁၀ | စစ်ကိုင်း | ၂၀၄.၇၇၃ | ၄၈၀.၀၅၁ | ၂၇၅.၂၇၈ |
| ၁၁ | တနင်္သာရီ | ၁၃.၉၀၃ | ၃၀.၃၄၉ | ၁၆.၄၄၆ |
| ၁၂ | ပဲခူး (အရှေ့) | ၁၃၈.၀၃၇ | ၂၃၈.၅၂၇ | ၁၀၀.၄၉ |
| ၁၃ | ပဲခူး (အနောက်) | ၁၄၆.၈၅၁ | ၂၁၀.၅၃၇ | ၆၃.၆၈၆ |
| ၁၄ | မကွေး | ၄၅၃.၉၇၂ | ၄၈၈.၉၅၅ | ၃၄.၉၈၃ |
| ၁၅ | မန္တလေး | ၁၀၃၈.၄၃၄ | ၁၈၇၃.၇၀၄ | ၈၃၅.၂၇ |
| ၁၆ | ဧရာဝတီ | ၂၂၆.၀၅၈ | ၃၃၇.၆၆၃ | ၁၁၁.၆၀၅ |
| ၁၇ | နေပြည်တော် | ၃၃၈.၈၃၄ | ၅၇၉.၀၇၅ | ၂၄၀.၂၄၁ |
| ၁၈ | ရန်ကုန် | ၂၈၄၂.၉၃၉ | ၄၂၇၆.၅၂၆ | ၁၄၃၃.၅၈၇ |
| | စုစုပေါင်း | ၆၃၁၂.၀၈၀ | ၉၆၀၂.၆၃၅ | ၃၂၉၀.၅၅၅ |



## ကာကွယ်ရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ပြန်လည်စွန့်လွှတ်မြေများ လွှဲပြောင်းပြီး/လွှဲပြောင်းရန်ကျန်စာရင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စွန့်လွှတ်မြေ | လွှဲပြောင်းပြီး | လွှဲရန်ကျန် | တောင်သူထံလွှဲပြီး | တောင်သူထံလွှဲရန်ကျန် |
|---|---|---|---|---|---|---|
| ၁ | နေပြည်တော်ကောင်စီနယ်မြေ | ၃၉၀.၆၀၀ | ၃၉၀.၆၀၀ | - | ၁၅၃.၈၀၀ | ၂၃၆.၈၀၀ |
| ၂ | ကချင်ပြည်နယ် | ၃၈၁၃၈.၆၂၀ | ၁၈၅၉၂.၉၉၀ | ၂၀၇၅၅.၆၃၀ | - | ၁၈၅၉၂.၉၉၀ |
| ၃ | ကယားပြည်နယ် | ၂၅၀၅.၀၄၀ | ၂၅၀၅.၀၄၀ | - | ၁၀၀၀.၀၀၀ | ၁၅၀၅.၀၄၀ |
| ၄ | ကရင်ပြည်နယ် | ၂၃၅၀.၆၅၀ | ၆၂.၂၇၀ | ၂၂၈၈.၃၈၀ | ၆၂.၂၇၀ | - |
| ၅ | ချင်းပြည်နယ် | ၆၁၀.၁၇၀ | ၆၀၀.၁၀၀ | ၁၀.၁၇၀ | - | ၆၀၀.၁၀ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၁၈၇.၅၅၀ | ၃၄၈၇၇.၆၅၀ | ၁၅၃၀၉.၉၀၀ | ၈၅၆၂.၉၈၀ | ၂၆၃၁၄.၆၇၀ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၂၃၁၈.၂၅၀ | ၂၃၁၈.၂၅၀ | - | - | ၂၃၁၈.၂၅၀ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၂၀၆၅၆.၈၈၀ | ၂၀၅၂၅.၈၈၀ | ၁၃၁.၀၀၀ | ၁၁၃၅၉.၁၆၀ | ၉၁၆၆.၇၂၀ |
| ၉ | မကွေးတိုင်းဒေသကြီး | ၈၆၃၃.၆၉၀ | ၈၆၃၃.၆၉၀ | - | ၅၁၃၉.၈၁၀ | ၃၄၉၃.၈၈၀ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၇၂၅၇.၉၅၃ | ၇၂၅၇.၉၅၃ | - | ၃၉၅၁.၇၂၀ | ၃၃၀၆.၂၃၃ |
| ၁၁ | မွန်ပြည်နယ် | ၃၆၃၉.၆၄၀ | ၃၅၇၉.၆၄၀ | ၆၀.၀၀၀ | ၂၆၂၂.၁၁၀ | ၉၅၇.၅၃၀ |
| ၁၂ | ရခိုင်ပြည်နယ် | ၁၉၈၅၁.၃၆၀ | ၉၁၄၀.၅၈၀ | ၁၀၇၁၀.၇၈၀ | ၂၁၄၆.၈၃၀ | ၆၉၉၃.၇၅၀ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၆၆၁၃.၅၈၀ | ၆၅၂၈.၅၈၀ | ၈၅.၀၀၀ | ၆၅၂၈.၅၈၀ | - |
| ၁၄ | ရှမ်းပြည်နယ် | ၃၅၅၃၆.၁၈၇ | ၃၅၄၃၅.၅၈၆ | ၁၀၀.၆၀၀ | ၂၈၇၃.၆၇၀ | ၃၂၅၆၁.၉၁၆ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၁၀၁၆၆.၆၅၀ | ၉၆၃၀.၉၆၀ | ၅၃၅.၆၉၀ | ၂၄၈၀.၃၅၀ | ၇၁၅၀.၆၁၀ |
| | စုစုပေါင်း | ၂၀၉၀၆၂.၇၃၀ | ၁၅၈၀၇၅.၆၆၉ | ၅၀၉၈၇.၀၆၀ | ၄၆၈၇၄.၄၈၀ | ၁၁၁၂၀၁.၁၈၉ |



## ဆောင်ရွက်ဆဲစီမံကိန်းလုပ်ငန်းများ



## ဝေးလံသောဒေသများတွင် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်မှုအခြေအနေ



**○ ရွှေဖုံးမှ**

ယခု ချင်းပြည်နယ်တွင် တည်ဆောက်နေသော ရေအားလျှပ်စစ်စက်ရုံ ၁၁ ရုံမှာ ဟားခါးမြို့နယ် ဇွောင်ချောင်းရေအားလျှပ်စစ် (၇၅၀၀ ကီလိုဝပ်)၊ ဖလမ်းနယ် လိုင်ဗားရေအားလျှပ်စစ် (၇၀၀ ကီလိုဝပ်)၊ တီးတိန်မြို့နယ် ဘယ်လ်တောင်ရေအားလျှပ်စစ် (၁၅၀၀ ကီလိုဝပ်)၊ တွန်းဇံမြို့နယ် ဘဲလ်ကျင်းရေအားလျှပ်စစ် (၁၅၀၀ ကီလိုဝပ်)၊ ကျီခါးမြို့နယ် လီချောင်းရေအားလျှပ်စစ် (၁၀၀ ကီလိုဝပ်)၊ မင်းတပ်မြို့နယ် ချီချောင်းရေအားလျှပ်စစ်(၄၀၀ ကီလိုဝပ်)၊ ပလက်ဝမြို့နယ် ပီချောင်းရေအားလျှပ်စစ် (၁၀၀ ကီလိုဝပ်)၊ မတူပီမြို့နယ် ဗုံလုံရေအားလျှပ်စစ် (၁၂၀၀ ကီလိုဝပ်)၊ ဆမီးမြို့နယ်ခွဲ ဇီးချောင်းရေအားလျှပ်စစ် (၁၀၀ ကီလိုဝပ်)၊ ကန်ပက်လက်မြို့နယ် ကိုးလုံးချောင်းရေအားလျှပ်စစ် (၁၀၀ ကီလိုဝပ်)၊ ကန်ပက်လက်ဆောချောင်းရေအားလျှပ်စစ် (၁၅၀၀ ကီလိုဝပ်)တို့ကို နိုင်ငံတော်က တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(လင်းလက်ကြယ်စင်)**

# အရာထမ်း၊ အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၂၁**

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave)လုပ်ငန်းစဉ်(၁) အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအဖြစ် အရာထမ်း၊ အမှုထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအား ဩဂုတ် ၁၉ ရက်မှ ဩဂုတ် ၂၁ ရက်အထိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းအစီအစဉ်၏ ပထမနေ့ဖွင့်ပွဲအခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အဖွင့်အမှာစကား ပြောကြားပြီး နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ် ဒေါက်တာအောင်ထွန်းသက်က အရာထမ်း၊ အမှုထမ်း စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ အချက်အလက်များ ဟောပြောဆွေးနွေးခဲ့ကြောင်း၊ သင်တန်း၏ ဒုတိယနေ့တွင် စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ စီးပွားရေးအဖွဲ့အစည်းများကို Corporatization အသွင်ကူးပြောင်းဆောင်ရွက်ရာ၌ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များခေါင်းစဉ်ဖြင့် စွမ်းအင်စီမံရေးဦးစီးဌာန စာတမ်းပြုစုသူ အရာထမ်းများက ဆွေးနွေးတင်ပြခဲ့သည်။

ဩဂုတ် ၂၁ ရက်တွင် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ၏ ကော်မတီဆောင်ရွက်မှုအခြေအနေများအား အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီရုံး အရာထမ်းများက ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမြင့်ဇော်က လူမှုဆက်ဆံရေး(Social Styles)ပုံစံများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး သင်တန်းဆင်းပွဲကို ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါသင်တန်းသို့ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းစုစုပေါင်း ၄၆၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပညာရေးဝန်ကြီးဌာန ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုတွင် အလက(၁) ကျောက်တံတားမြို့နယ်မှ ဒုတိယတန်းကျောင်းသူ မအိအိဇင်ထူး မွေးနေ့ဒါနအဖြစ် အာဟာရကျွေးမွေးခြင်းကို ဩဂုတ် ၁၅ ရက်က အဆိုပါကျောင်း၌ ကျင်းပစဉ်။ (ကြေးမုံ)

# မြစ်ကြီးနားမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၉၅၂ ပြား သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၁**

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၉ ရက်က ဝိုင်းမော်-ဝါရှောင်သွားကားလမ်းတွင် ဝါရှောင်ဘက်မှ ဝိုင်းမော်ဘက်သို့ အောင်ခိုင် မောင်းနှင်လာသော ဆိုင်ကယ်နှင့် မယော်ဆောင့် မောင်းနှင်ပြီး မစန်းစန်းဝင်း လိုက်ပါလာသည့် ဆိုင်ကယ်တို့အား ရှာဖွေရာ အောင်ခိုင် မောင်းနှင်သည့် ဆိုင်ကယ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၅၂ ပြား၊ ဘိန်းစိမ်း ၃၅ ဂရမ်၊ ဘိန်းဖြူ ၁၀ ဂရမ်၊ မယော်ဆောင့်ထံမှ ငွေကျပ် ၃၀၀၀၀ နှင့် မစန်းစန်းဝင်းထံမှ ငွေကျပ် ၁၁၀၀၀၀ နှင့် တရုတ်ယွမ်ငွေ ၁၀၀၀ တို့အား သိမ်းဆည်းရမိသဖြင့် အောင်ခိုင် (၄၀)နှစ်၊ မယော်ဆောင့် (၃၅)နှစ်၊ မစန်းစန်းဝင်း (ခ) မီးငယ် (၂၇)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မင်္ဂလာတောင်ညွန့်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၁**

မူးယစ်တပ်ဖွဲ့စု(၄၃) ရန်ကုန်(တောင်ပိုင်း) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် ဩဂုတ် ၁၇ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက် သစ္စာလမ်းနေ အောင်နိုင်ဦးဆိုသူ၏ နေအိမ်အားရှာဖွေရာ နေအိမ်နောက်ခန်းရှိ အံဆွဲအတွင်းမှ WY စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၈၀ အား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးချက်အရ သာကေတမြို့နယ် (၂)တောင်ရပ်ကွက် ရန်ပြေအရှေ့(၅)လမ်းနေ ဘိုင်းနားထံမှ ဝယ်ယူခဲ့ကြောင်း သိရသဖြင့် ဘိုင်းနားအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၉ ရက်တွင် ပူးပေါင်းအဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် သစ္စာလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်တွင် ဘိုင်းနားအား စိတ်ကြွရူးသွပ်ဆေးပြား ၅၄ ပြား၊ ငွေကျပ် ၁၀၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိပြီး ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၂၅၄ ပြားနှင့် ငွေကျပ် ၁၅၀၀၀၀ တို့အား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးချက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများမှာ လှိုင်ကော်မြို့နေ ဘိုကြီးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၈၀၀ ပြားနှင့် တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ရပ်ကွက် အောင်တေဇလမ်းနေ သန်းလွင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ အား ဝယ်ယူခဲ့ကြောင်းသိရသဖြင့် သန်းလွင်၏ နေအိမ်အားရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၈ ပြား၊ ငွေကျပ် ၁၀၀၀၀နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် အောင်နိုင်ဦး(ခ) ချစ်ကောင်း (၄၀)နှစ်၊ အောင်နိုင်(ခ) မိုက်တူး(ခ) ဘိုင်းနား (၃၁)နှစ်၊ သန်းလွင် (ခ) တိုးတိုး (ခ) ဇိုဟာစ်ဒင် (၄၁)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မူးယစ်ဆေးဝါးရောင်းဝယ်**
**ဖောက်ကားမှုမှန်သမျှ တိုက်ဖျက်ကြ**



## ပြည်တွင်းရေးရာ



## အာဟာရဖွံ့ဖြိုးရေးနှင့် အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေး တောင်ကြီး၌ အသိပညာပေးဟောပြော

**တောင်ကြီး ဩဂုတ် ၂၁**

ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ပြည့်ဝသော နိုင်ငံသားကောင်းများပေါ်ထွန်းလာစေရန်နှင့် ပြည်သူများအတွင်း အိုင်အိုဒင်းစားသုံးမှုမြင့်မားလာစေရန် ရည်ရွယ်၍ အာဟာရဖွံ့ဖြိုးရေး၊ အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေး ရက်သတ္တပတ် အသိပညာပေးဟောပြောပွဲကို ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်တော်သာရပ်ကွက် ပတ္တမြားခန်းမ၌ ယမန်နေ့ကကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်း နှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာန အာဟာရတာဝန်ခံ ဒေါက်တာဒေါ်မြင့်မြင့်တို့က အိုင်အိုဒင်းစားသုံးခြင်းမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများအကြောင်းကို အသိပညာပေးဟောပြောပြီး မြို့နယ်ကျန်းမာရေးမှ ဒေါက်တာဒေါ်ဝင်းဝင်းခိုင်က သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါများမှကာကွယ်နိုင်စေရန်အတွက် ခြင်ထောင်ဆေးစိမ်နည်းကို သရုပ်ပြပြုလုပ်ရာ တက်ရောက်လာကြသော မိခင်များ စိတ်ဝင်တစားလေ့လာခဲ့ကြသည်။**(အပေါ်ပုံ)**

အိုင်အိုဒင်းဓာတ်လုံလောက်စွာပါဝင်သောအစားအစာများ မစားသုံးပေးပါက ကိုယ်ဝန်ဆောင်မိခင်များ ကလေးအဖတ်မတင်ခြင်း၊ ဆွံ့အ မသန်မစွမ်း၊ ဉာဏ်ရည်နိမ့်ကျကလေးများ မွေးဖွားမှုများဖြစ်ပေါ်လာနိုင်ပြီး ကလေးနှင့်လူငယ်များတွင်လည်း လည်ပင်းကြီးရောဂါဖြစ်တတ်ကြောင်း၊ သို့ဖြစ်ခြင်းကြောင့် ယခုကဲ့သို့ အသိပညာပေးဟောပြောရခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ အနေဖြင့် အမျိုးသမီးများ၏ လူမှုဘဝမြင့်တင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုကဏ္ဍအသီးသီးတို့ တိုးတက်ဖွံ့ဖြိုးလာစေရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် တက်ရောက်လာသူမိခင်များအား အိုင်အိုဒင်းဆားနှင့် အာဟာရများဝေငှပေးခဲ့ကြောင်း သိရသည်။

**သတင်း-ကိုကိုနေ၊ ဓာတ်ပုံ-ရာမည**

# အီဘိုလာဗိုင်းရပ်စ်ရောဂါ သတိပေးနှိုးဆော်ချက်

- အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ကူးစက်မြန်ရောဂါတစ်မျိုးဖြစ်ပြီး ကုသရန်ခက်ခဲသည့်အပြင် ရောဂါပြန့်ပွားမှုအား ထိန်းချုပ်ရန် အလွန်ခက်ခဲသောရောဂါ ဖြစ်ပါသည်။
- ယခုအခါ အာဖရိက အနောက်ပိုင်းဒေသရှိ Guinea, Liberia, Nigeria & Sierra Leone နိုင်ငံတို့တွင် ရောဂါကူးစက်ဖြစ်ပွားနေပြီး ရောဂါဖြစ်ပွားသူများ၏ ၉၀ ရာခိုင်နှုန်းအသက်ဆုံးရှုံးနိုင်ပါသည်။

**အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်နိုင်သော နည်းလမ်းများ**

- အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ရောဂါပိုးရှိသော လူ(သို့မဟုတ်)တိရစ္ဆာန်၏ တံတွေး၊ သွေး၊ ခန္ဓာကိုယ်မှထွက်သော အရည်တို့နှင့် တိုက်ရိုက်ထိတွေ့ကိုင်တွယ်ခြင်း။
- အဆိုပါသွေးနှင့် ခန္ဓာကိုယ်မှ အရည်များထိတွေ့ထားသော အရာဝတ္ထုများနှင့် ထိတွေ့ကိုင်တွယ်ခြင်းတို့မှ ကူးစက်နိုင်သည်။
- **ဆားစ်၊ လူတုပ်ကွေးကပ်ရောဂါ၊ $H_7N_9$ ကြက်ငှက်တုပ်ကွေးရောဂါ၊ မားစ်ပြင်းထန်အဆုတ်ရောင်ရောဂါ (MERS CoV)တို့ကဲ့သို့ လေထဲမှ တစ်ဆင့်ကူးစက်နိုင်သောရောဂါ မဟုတ်ပါ။**
- အီဘိုလာရောဂါသည် လေ၊ ရေ၊ အစားအစာတို့မှတစ်ဆင့် မကူးစက်နိုင်ပါ။
- **ယခုအချိန်အထိ အီဘိုလာဗိုင်းရပ်စ်ရောဂါကို ကာကွယ်ကုသရန် ဆေးမရှိသေးပါ။ ရောဂါမဖြစ်ပွားအောင် ကာကွယ်ရန် အရေးကြီးပါသည်။**
- ရောဂါပိုးရှိသော လူနာနှင့်တိရစ္ဆာန်တို့၏ တံတွေး၊ သွေး စသော ခန္ဓာကိုယ်အရည်များအား ကိုင်တွယ်ထိတွေ့သူများတွင် အဓိက ရောဂါကူးစက်နိုင်ခြေရှိသဖြင့် ကာကွယ်သည့် နည်းလမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

**အီဘိုလာဗိုင်းရပ်စ်ရောဂါသံသယလက္ခဏာများ**

အီဘိုလာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားနေသောနိုင်ငံများ အထူးသဖြင့်(အနောက်အာဖရိကနိုင်ငံများ)သို့ သွားရောက်ခဲ့သူများ (သို့မဟုတ်) နိုင်ငံတကာခရီးသွားသူများ၊ ကူးစက်မြန်အီဘိုလာရောဂါလူနာအား တိုက်ရိုက်ပြုစုကုသထိတွေ့ကိုင်တွယ်ခဲ့သူများ၊ ရောဂါရှိသော တောရိုင်းတိရစ္ဆာန်များအား ထိတွေ့ကိုင်တွယ်သူများတွင်-

- **ဖျားခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ ကြွက်သားများနာကျင်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ အန်ခြင်း၊ အရည်ဝမ်းသွားခြင်း၊**
- အီဘိုလာဗိုင်းရပ်စ်ပိုးသည် အသည်းနှင့် ကျောက်ကပ်များ ပျက်စီးနိုင်သဖြင့် ခန္ဓာကိုယ်အတွင်းနှင့်အပြင် သွေးယိုထွက်မှုရှိခြင်းကြောင့် အသက်အန္တရာယ်ဖြစ်နိုင်ပါသည်။

**အီဘိုလာရောဂါကူးစက်မှုမရှိစေရေး ကာကွယ်ရန်နည်းလမ်းများ**

၁။ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုပါ။
၂။ လက်ကို ရေနှင့်ဆပ်ပြာဖြင့် မကြာခဏ ဆေးကြောပါ။
၃။ ရောဂါပိုးရှိသူ၏ သွေးနှင့် ၎င်းခန္ဓာကိုယ်မှထွက်သော အရည်များအား ထိတွေ့ကိုင်တွယ်ခြင်း မပြုရ။
၄။ ရောဂါပိုးရှိသော လူ၊ တိရစ္ဆာန်တို့၏ သွေးနှင့် ၎င်းခန္ဓာကိုယ်မှ ထွက်သော အရည်များရှိနိုင်သည့် (အရာဝတ္ထုပစ္စည်း၊ ခုံများ၊ စားပွဲများ၊ အိပ်ရာ၊ လှေကားလက်ရန်း၊ နံရံစသည်တို့အား) ထိတွေ့ကိုင်တွယ်ခြင်းမပြုရ။
၅။ အထူးသဖြင့် အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်ဖြစ်ပွားသော နိုင်ငံများသို့ သွားရောက်ခဲ့သူများနှင့် နိုင်ငံတကာခရီးသွားသူများတွင် အောက်ဖော်ပြပါ သံသယလက္ခဏာများဖြစ်ပေါ်လာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ ဆေးကုသမှုခံယူပါ။
**ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုန်းချည့်ခြင်း၊ လည်ချောင်းနာခြင်း၊ အရည်ဝမ်းသွားခြင်း၊ အန်ခြင်း၊ ခန္ဓာကိုယ်အတွင်းနှင့်အပြင် သွေးယိုထွက်မှုရှိခြင်း။**
၆။ အထက်ပါ သံသယလက္ခဏာဖြစ်ပွားသူများ တွေ့ရှိပါက **နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ပါ။**
၇။ နိုင်ငံခြားသို့ ခရီးသွားရောက်ရန် အစီအစဉ်ရှိပါက ရောဂါဖြစ်ပွားကူးစက်နေသည့် နိုင်ငံများသို့ သွားရောက်ခြင်းကို ရှောင်ကြဉ်ပါ။

ကျန်းမာရေးဝန်ကြီးဌာနမှ အီဘိုလာရောဂါ ကြိုတင်ကာကွယ်ကုသထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ သတိပေးနှိုးဆော်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**









# ဟာနန်ဒက်ဇ်နှင့် ဖယ်လိုင်နီတို့အား ခေါ်ယူရန် စပါးအသင်းပြင်ဆင်

အင်္ဂလန်ပရီမီယာလိဂ်ကလပ် စပါးအသင်းသည် ယခုနှစ် နွေရာသီအပြောင်းအရွှေ့ဈေးကွက်မပိတ်သိမ်းမီကာလအတွင်း အသင်း၏ တိုက်စစ်ကိုအားဖြည့်ရန်အတွက် မန်ယူအသင်းမှ ကစားသမားများဖြစ်ကြသည့် ဟာနန်ဒက်ဇ်နှင့် ဖယ်လိုင်နီတို့အား ခေါ်ယူရန် ပြင်ဆင်နေကြောင်းသိရသည်။

စပါးအသင်း၏ နည်းပြပိုချက်တီနိုမှာ ၎င်းတို့နှစ်ဦးအား ကမ္ဘာ့ဖလားပြိုင်ပွဲမပြီးဆုံးမီကာလကတည်းက ခေါ်ယူရန်ပစ်မှတ်ထားနေခြင်းဖြစ်ပြီး ဇူလိုင်လလယ်ခန့်က ဖယ်လိုင်နီအတွက် မန်ယူအသင်း၏ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့သော်လည်း အပြောင်းအရွှေ့မှာဖြစ်မြောက်လာခဲ့ခြင်းမရှိပေ။ လက်ရှိအချိန်တွင် စပါးအသင်းမှာ အသင်း၏တိုက်စစ်ပိုင်းတွင် ပုံမှန်ခြေစွမ်းပျောက်ဆုံးနေသည့် စပိန်တိုက်စစ်မှူး ဆိုလ်ဒါဒိုအား ရောင်းချကာ ဟာနန်ဒက်ဇ်ကို အစားထိုးရန် ပြင်ဆင်နေပြီး ၎င်းအတွက် ပေါင် ၁၅ သန်းခန့်ပေးချေရန် အသင့်ရှိနေကြောင်း ဗြိတိန်သတင်းစာ Mirror ကဖော်ပြခဲ့သည်။



စပါးအသင်းမှ ခေါ်ယူရန်ပြင်ဆင်နေသည့် မန်ယူကစားသမားဖယ်လိုင်နီ။

ထို့ပြင် ၎င်းတို့နှစ်ဦးမှာလည်း မန်ယူအသင်းတွင် ခြေစွမ်းပြသနိုင်ခြင်းမရှိသလို ပုံမှန်နေရာရရှိရန် ရုန်းကန်နေရသဖြင့် မပျော်မရွှင်ဖြစ်နေပြီး အသင်းမှထွက်ခွာရန် စိတ်ဉ်နေကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ ထို့ပြင် မန်ယူကွင်းလယ်လူ ဖယ်လိုင်နီမှာလည်း အသင်းမှထွက်ခွာရန်သေချာသလောက်ရှိနေသလို ၎င်းမှာနာပိုလီအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီချက်ရရှိထားခဲ့သော်လည်း နာပိုလီအသင်း၏ တာဝန်ရှိသူများမှာ မန်ယူအသင်းအလိုရှိနေသည့် ပေါင် ၁၀ သန်းကို ပေးချေရန်ဆန္ဒမရှိသည့်အတွက် ကြန့်ကြာနေခြင်းဖြစ်ပြီး စပါးအသင်းက ယခုကဲ့သို့ကြားဖြတ်ခေါ်ယူရန် ပြင်ဆင်လာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **[ကိုရဲ]**

# တိုက်စစ်မှူးဇက်ကို မန်စီးတီးနှင့် လေးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ချုပ်ဆို

ဘော့စနီးယား ကြယ်ပွင့် အေဒင်ဇက်ကိုသည် ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုလိုက်ပြီဖြစ်သည်။ တိုက်စစ်မှူးဇက်ကိုသည် စာချုပ်သစ်ချုပ်ဆိုလိုက်ခြင်းကြောင့် ၂၀၁၈ ခုနှစ်တိုင်အောင် မန်စီးတီးအသင်း၌ ဆက်ရှိနေမည်ဖြစ်သည်။





တိုက်စစ်မှူး ဇက်ကိုသည် ၂၀၁၁ ခုနှစ်တွင် ဝုလ်စဘတ်အသင်းမှ မန်စီးတီးအသင်းသို့ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး နည်းပြမန်စီနီလက်ထက်တွင် ကိုးဦးမြောက်ခေါ်ယူခဲ့သည့် ကစားသမားလည်းဖြစ်သည်။ ဇက်ကိုသည် လက်ရှိအချိန်ထိ မန်စီးတီးအသင်းနှင့်အတူ ပွဲပေါင်း ၁၅၆ ပွဲပါဝင်ကစားပေးထားကာ သွင်းဂိုး ၆၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။ မန်စီးတီးအသင်း၏ အားထားရသည့် ကစားသမားများဖြစ်ကြသည့် ဆာဂျီယိုအဂူရို၊ ဗင်းဆင့်ကွန်ပနီ၊ နာဆရီ၊ ကိုလာရော့ဗ်နှင့် ဒေးဗစ်ဆေးလ်ဗားတို့သည်လည်း ကာလရှည်စာချုပ်သစ်များ ချုပ်ဆိုထားကြကြောင်းသိရသည်။

ဇက်ကိုသည် မန်စီးတီးအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုပြီးနောက် မန်စီးတီးအသင်း၌ ပျော်ရွှင်ကြောင်းနှင့် မန်စီးတီးအသင်းမှာ ၎င်း၏ ဒုတိယအိမ်ပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ တိုက်စစ်မှူးဇက်ကိုသည် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီတွင် ပွဲပေါင်း ၄၄ ပွဲပါဝင်ကစားပေးခဲ့ရာ သွင်းဂိုး ၁၅ ဂိုးနှင့်အတူ မန်စီးတီးအသင်း၏ ထိပ်တန်းဂိုးသွင်းရှင်လည်းဖြစ်လာခဲ့သည်။

ဝုလ်စဘတ်အသင်း၌ ကစားခဲ့စဉ်ကလည်း ဘွန်ဒက်လီဂါတွင် ၁၁၁ ပွဲတွင် ၆၆ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့်ဝုလ်စဘတ်အသင်း၏ သမိုင်းတွင် လိဂ်သွင်းဂိုးအများဆုံး တိုက်စစ်မှူးတစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။ **[ငွေကြယ်]**

# စပိန်လာလီဂါ ရင်ခုန်သံ – ၁

**စပိန်လာလီဂါစပြီး ပွဲစဉ်(၁)ကို ဩဂုတ်လ ၂၃၊ ၂၄၊ ၂၅၊ ၂၆ ရက်တွေမှာ ကစားမယ်။ ဒါကြောင့် ရီးယဲလ်၊ ဘာစီလိုနာ၊ အက်သလက်တီကိုတို့ ဘယ်လိုပွဲထွက်လာမလဲ။ စိတ်ဝင်စားဖို့ကောင်းသလို ဆီဗီးလ်နဲ့ ဗလန်စီယာ ဆုံတဲ့ပွဲကလည်း အကြိတ်အနယ်ရှိနိုင်တယ်။**

### မာလာဂါ-ဘီလ်ဘို ည ၁၁း၃၀ (၂၃-၈-၁၄)

မာလာဂါအိမ်ကွင်းကစားပုံကောင်းတတ်တာကို သတိပြုရမယ်။ ဘီလ်ဘိုကစားသမားအားဖြည့်မှု ထိထိရောက်ရောက်မရှိဘူး။ ဒီတော့ ခြေစွမ်းပိုင်း အပြောင်းအလဲမရှိနိုင်သလို အသင်းလိုက်ဟန်ချက်လည်း အားကောင်းနိုင်ပေမယ့် ယူရိုပါလိဂ်ခြေစစ်ပွဲမှာ နာပိုလီနဲ့ ကစားခဲ့ရလို့ ပွဲပန်းနိုင်တာနဲ့ပါ ချိန်ဆအားပေးရဖို့ ရှိတယ်။

### ဆီဗီးလ်-ဗလန်စီယာ နံနက် ၁း၃၀ (၂၄-၈-၁၄)

ရာကီတစ်ကို ဆုံးရှုံးထားရပေမယ့် ဆီဗီးလ်ဟာ ကစားသမားကောင်းအချို့ကို အငှားနဲ့ ပြန်ခေါ်ပြီး အားဖြည့်ထားနိုင်တယ်။ ပြီးတော့ အိမ်ကွင်းဖြစ်တယ်။ ဗလန်စီယာမနှစ်ကခြေပျက်ခဲ့မှုကြောင့် ကစားသမား ငါးဦးတိတိခေါ်ပြီး အသင်းကို အပြောင်းအလဲအများအပြားပြုလုပ်ထားလို့ အသင်းလိုက်ဟန်ချက်ထိခိုက်နိုင်တယ်ဆိုတာ ထည့်တွက်ရမယ်။

### ဂရန်နာဒါ - ဒီပို့တီဗို နံနက် ၁း၃၀ (၂၄-၈-၁၄)

တန်းတက်ဒီပို့တီဗိုအား အငှားနဲ့ခေါ်ယူထားတဲ့ ကစားသမားတွေအပါအဝင် ကစားသမား ခုနစ်ဦးတိတိ အားဖြည့်ထားကာ အပြောင်းအလဲများလွန်းတယ်။ ဂရန်နာဒါကလည်း ကစားသမားရှစ်ဦးခေါ်ထားလို့ တည်ငြိမ်မှုရဖို့ ရုန်းကန်ရနိုင်တယ်။ ဒါပေမယ့် ဂရန်နာဒါဟာ အိမ်ကွင်းမှာ အမှတ်ရဖို့ အားစိုက်လာမှာကိုတော့ မေ့လို့မဖြစ်ဘူး။

### အယ်မာရီးယား - အက်စပန်ညို နံနက် ၃း၃၀ (၂၄-၈-၁၄)

အယ်မာရီယာဟာ မနှစ်ကတန်းမဆင်းရဖို့တောင် အသဲအသန်ရုန်းကန်ခဲ့ရတာကို သတိပြုရမယ်။ ဒီနှစ်မှာလည်း အသင်းကိုအပြောင်းအလဲတွေပြုလုပ်ထားလို့ တည်ငြိမ်မှုရအောင် ရုန်းကန်ရနိုင်တယ်။ သတိပြုရမှာက အက်စပန်ညိုဟာ လိုအပ်သလောက်သာ ပြုပြင်ထားလို့ အသင်းလိုက်ဟန်ချက်အားကောင်းနိုင်တယ်ဆိုတာပဲ။

### အီဘား - ဆိုစီဒက် ည ၁၁း၃၀ (၂၄-၈-၁၄)

တန်းဆက် အီဘားဟာ လာလီဂါမှာ အဖြည့်ခံသက်သက်လောက်ပဲရှိပါတယ်။ အဓိကထားစောင့်ကြည့်ရမှာက ဆိုစီဒက်ရဲ့အနေအထားပဲ။ ဆိုစီဒက်ဟာ စီဖီရိုဗစ်၊ ဂရီမန်၊ ဘရာပိုတို့ကို ဆုံးရှုံးထားတယ် ဆိုပေမယ့် ပြန်လည်အားဖြည့်မှုပြုလုပ်ထားတယ်။ ယူရိုပါလိဂ် ခြေစစ်ပွဲကြောင့် ပွဲပန်းနိုင်ပေမယ့် ပြည့်စုံမှုပိုရှိထားတာ မေ့လို့မဖြစ်ဘူး။

### ဆယ်တာဗီဂို - ဂီတာဖေး နံနက် ၁း၃၀ (၂၅-၈-၁၄)

ဂီတာဖေးဟာ မနှစ်ကခြေစွမ်းပိုင်း အတော်ကလေးမတည်ငြိမ်ဘူး။ ဒီအပြောင်းအရွှေ့ဈေးကွက်မှာလည်း ထိမိတဲ့အားဖြည့်မှုတွေ ပြုလုပ်ထားနိုင်ခြင်းမရှိလို့ ခြေစွမ်းပိုင်းအပြောင်းအလဲရှိဖို့တော့ ခက်မယ်။ ဆယ်တာဗီဂိုကတော့ မနှစ်ကကစားပုံအရ ဂီတာဖေးထက်ပိုပြီးအားကောင်းသလို ဒီဈေးကွက်မှာလည်းကစားသမားအချို့နဲ့ ထပ်ပြီးအားဖြည့်ထားကာ အိမ်ကွင်းဖြစ်နေတာကို သတိပြုရမယ်။

### ဘာစီလိုနာ - အဲလ်ချီ နံနက် ၁း၃၀ (၂၅-၈-၁၄)

မနှစ်ကတန်းမဆင်းရဖို့ ရုန်းကန်ခဲ့ရတဲ့ အဲလ်ချီဟာ ဘာစီလိုနာကို ယှဉ်ကစားနိုင်ဖို့မလွယ်ဘူး။ စဉ်းစားရမှာက ဘာစီလိုနာရဲ့အနေအထားပဲ။ ဘာစီလိုနာဟာ နည်းပြသစ်ဖြစ်တယ်။ ကစားသမားသစ်တွေခေါ်ပြီး အထိုင်တစ်မျိုးပြောင်းထားတယ်။ ဒါကြောင့် တည်ငြိမ်မှုအနည်းငယ် အားနည်းနိုင်တာတော့ သတိပြုရမယ်။

### လီဗန်တေး - ဗီလာရီးယဲလ် နံနက် ၃း၃၀ (၂၅-၈-၁၄)

ယူရိုပါလိဂ်ခြေစစ်ပွဲအဖြစ် အဝေးကွင်းပွဲကစားခဲ့ရမှုက ဗီလာရီးယဲလ်ကို ပွဲပန်းစေနိုင်တာ သတိပြုရမယ်။ လီဗန်တေး ပထမနှစ်က ခြေသာမန်သာရှိပေမယ့် အိမ်ကွင်းပွဲတွေမှာရလဒ်ပိုင်းကောင်းမွန်တတ်တာကိုတော့ သတိပြုရမယ်။ အထူးသဖြင့် လီဗန်တေးဟာ အားဖြည့်မှုတွေပါ ပြုလုပ်ထားလို့ အိမ်ကွင်းမှာ အမှားခံမှာမဟုတ်သတိပြုရမယ်။

### ရီးယဲလ်-ကော်ဒိုဘာ နံနက် ၀၀း၃၀ (၂၆-၈-၁၄)

တန်းတက်ကော်ဒိုဘာဟာ အရာရာမှာရီးယဲလ်ကို မမှီဘူး။ တွက်ဆရမှာက ရီးယဲလ်ပဲ။ အထူးသဖြင့် စပိန်စူပါဖလားပွဲအဖြစ် အက်သလက်တီကိုနဲ့ နှစ်ပွဲဆက် ကစားခဲ့ရမှုက ရီးယဲလ်ကိုပွဲပန်းစေနိုင်တယ်။ ဒါပေမယ့် အဖွင့်မှာ အမှတ်ပြည့်ရဖို့ နဲ့ အိမ်ကွင်းမှာရလဒ်ကောင်းဖို့ အာရုံစိုက်လာမယ့် အချက်ကိုပါ ထည့်တွက်ဖို့ လိုမယ်။

### ဗယ်လီကာနို -အက်သလက်တီကို နံနက် ၂း၃၀ (၂၆-၈-၁၄)

ဗယ်လီကာနိုက သာမန်သာရှိပေမယ့် အိမ်ကွင်းမှာ အမှတ်ပြည့်မဟုတ်တောင် မရှုံးအောင် ခံကစားမှာပဲ။ အက်သလက်တီကိုကတော့ ဒီနှစ်မှာ အပြောင်းအလဲများလွန်းတယ်။ အသင်းအထိုင်တစ်ခုလုံးနီးပါးပြောင်းထားလို့ ဟန်ချက် မိမှုအပိုင်းမှာအားနည်းနိုင်တယ်။ ရီးယဲလ်စပိန်စူပါဖလားနှစ်ပွဲကစားခဲ့ရလို့လည်းပွဲပန်းနိုင်တာပါ ထည့်စဉ်းစားရမယ်။

**ရှိုင်းမင်းမင်း**

ဂုဏ်ယူဝမ်းမြောက်ခြင်း

Advance Unity Development Co.,Ltd ၏

ဧရာဝတီ ကွန်ဒိုမီနီယံ

စတင်မိတ်ဆက်ခြင်း၊ အဆင့်မြင့် Condo ခန်းများ စတင်ရောင်းချခြင်း အခမ်းအနားအား ၁၇-၈-၂၀၁၄ တွင် Inya Lake Hotel (Grand Ballroom) ၌ စည်းကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းများ ဆတက်ထမ်းပိုး အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် –

၁။ ဦးနေလင်း (Managing Director)
Grand Glory Co.,Ltd.
Lux Myanmar Co.,Ltd.
၂။ ဦးထွန်းသန်း (Managing Director)
Majestic Myanmar Group Trading Co.,Ltd.
၃။ ဦးကျော်ကျော်ထက် (Managing Director)
Honour Friend Co.,Ltd.
၄။ ဒေါ်သက်သက်အောင် (Managing Director)
Shwe Bon San (Myanmar) Co.,Ltd.
Yangon Sky Co.,Ltd.
၅။ ဦးစိုးမင်းဦး (Director)
Win Phyo Aye Co.,Ltd.
၆။ ဦးမင်းလွင်ဝင်း (Director)
SunBird Tours Myanmar Co.,Ltd.

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တင်ဒါအမှတ်-၂/၂၀၁၄-၂၀၁၅)**

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်လက်အောက်ရှိ မြောင်းမြ၊ ဝါးခယ်မ၊ အိမ်မဲ မြို့နယ်တို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/တိုင်းဒေသကြီး လမ်း/တံတား လုပ်ငန်းများ၌အသုံးပြုရန် လိုအပ် သော လမ်းခင်းကျောက်မျိုးစုံအား သက်ဆိုင်ရာလမ်းပိုင်းအတွင်းရှိ ဆိပ်ကမ်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့်လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းချက်များကို မြောင်းမြခရိုင်၊ အင်ဂျင်နီယာမှူးရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၅-၈-၂၀၁၄ရက်မှ စတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၅-၉-၂၀၁၄၊ ၁၂း၀၀နာရီ
တင်ဒါတင်ဖွင့်မည့်နေရာ - မြောင်းမြခရိုင်၊ အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြောင်းမြကြိုးတံတားအောက်၊ မြောင်းမြမြို့။
တင်ဒါဖွင့်မည်နေ့ရက်/အချိန် - ၅-၉-၂၀၁၄ရက်၊ ၁၄း၀၀နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၂၅-၈-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
မြောင်းမြခရိုင်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဖုန်း-၀၄၂-၇၀၁၅၃

# ပြည်ပစားအုန်းဆီဈေးနှုန်း နိမ့်ကျချိန် ပြည်တွင်းဈေးနှုန်း သိသာစွာ ဈေးမကျ

**ရန်ကုန် ဩဂုတ် ၂၁**

ဩဂုတ် ၁ ရက်တွင် ပြည်ပ မလေးရှား စားအုန်းဆီ FOB တစ်တန်ဈေးနှုန်း ၈၁၀ ဒေါ်လာ ရှိခဲ့သော်လည်း ဩဂုတ် ၂၀ ရက်တွင် ၇၅၀ ဒေါ်လာနှုန်းသို့ ဈေးကျလာကြောင်း၊ ဩဂုတ် ၁ တွင် ဆိပ်ကမ်းရောက် ၁ ပိဿာ အရင်းဈေး ၁၄၈၂ ကျပ်နှုန်းရှိရာမှ ဩဂုတ် ၂၀ တွင် ၁၃၇၅ ကျပ်နှုန်းသို့ ကျဆင်းလာသော်လည်း ရန်ကုန်ဆီဈေးကွက်ရောင်းဈေးမှာ ဩဂုတ် ၂၀ တွင် ၁၄၈၅ ကျပ်နှုန်းဖြင့် ဈေးဆက်လက်မြင့်နေဆဲဖြစ်ကြောင်း၊ ပြည်ပဆီတင်သွင်းသည့် ကုမ္ပဏီတစ်ခုမှ လကုန်ဆီအပ်ကြိုတင် တစ်ပိဿာရောင်းဈေး ၁၄၂၅ ကျပ်နှုန်းရှိကြောင်း နယ်ပို့ဆီအဝယ်တော်တစ်ဦးက ဆိုသည်။

ပြည်ပစားအုန်းဆီ ဈေးနှုန်း ဩဂုတ်လအတွင်း တစ်တန်လျှင် ဒေါ်လာ ၆၀ ကျပ်နှုန်း၊ တစ်ပိဿာ အရင်းဈေး ၁၀၇ ဈေးကျနေသော်လည်း ပြည်တွင်းရောင်းဈေးမှာ ဩဂုတ် ၇ ရက်တွင် လက်ကား တစ်ပိဿာ ၁၆၀၀ ကျပ်ဖြင့် တစ်ကြိမ်၊ ဩဂုတ် ၁၄ ရက်တွင် ၁၅၅၀ ကျပ်နှုန်းဖြင့် တစ်ကြိမ်၊ တစ်ပတ်ကျော်အတွင်း နှစ်ကြိမ်တိုင် ဈေးမြင့်တက်ခဲ့ကြောင်း၊ ပြည်ပစားအုန်းဆီဈေးနှုန်း ကျဆင်းချိန်တွင် ဆီတင်သွင်းသည့် ကုမ္ပဏီနှင့် ပြည်တွင်းဆီလက်ဝယ်ရှိသူများ အရှုံးနှင့် ရင်ဆိုင်လေ့ရှိသော်လည်း ယခုလပိုင်းတွင် နှစ်ကြိမ်တိုင် ဈေးမြင့်တက်ခဲ့သဖြင့် အကျိုးအမြတ်များပင် ရရှိခဲ့ကြောင်း၊ ဆီကုန်သည်တစ်ဦးက ဆိုသည်။

၂၀၁၁ နှစ်လယ်မှစ၍ ပြည်ပပို့ကုန်ဝင်ငွေရှိသူတိုင်း စားအုန်းဆီ တင်သွင်းခွင့်ရှိသည့် စနစ်သစ်အရ ပြည်တွင်းဈေးကွက်တွင် စားသုံးသူများ ပြည်ပဈေးနှုန်းနှင့် ကွာခြားမှုနည်းသော ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ခဲ့သော်လည်း ယခုလပိုင်းတွင်မူ ပြည်ပဈေးနှုန်းထက် များစွာပိုသော ဈေးနှုန်းဖြင့် ဝယ်ယူနေရသည်မှာ ထူးခြားသည်ဟု စားသုံးသူတစ်ဦးက ဆိုသည်။

ပြည်ပမှ တစ်လလျှင် ပျမ်းမျှ ၃၀၀၀၀ ဝန်းကျင် တင်သွင်းလေ့ရှိရာ ဩဂုတ်လဝက်အတွင်း ပြည်ပမှ ဆီတင်သွင်းသည့် တန်ချိန်မှာ တစ်လစာနီးပါးမျှ ရှိနေသည်ဟု ပြည်ပကုန်သဘော်ာ အဝင်အထွက်စာရင်းများအရ သိရှိရာ ပြည်တွင်းဈေးကွက်တွင် ဆီပြတ်လပ်မှုမရှိဘဲ ဈေးနှုန်းမြင့်တက်မှုကြောင့် စားသုံးသူများ ဈေးနှုန်းကြီးမြင့်မှုကို ခံစားနေရခြင်းဖြစ်သည်ဟု ဆီရောင်းချသူတစ်ဦးက ဆိုသည်။ **(မောင်စေအောင်)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အောက်ပါအချက်များကို သတိထားဆောင်ရွက်ရန်

* အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်၊ မီးပလပ်များအား ရေစိုလက်၊ ရေစိုနေသော ခန္ဓာကိုယ်၊ ရေစိုနေသော အဝတ်အစားဝတ်လျက် ကိုင်တွယ်ခြင်းမပြုရ။
* တမံတလင်း၊ မြေပြင်ပေါ်၌ ခြောက်သွေ့သော ဖိနပ်စီးထားခြင်းမရှိဘဲ လျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်၊ မီးပလပ်များအား ကိုင်တွယ်အသုံးမပြုရ။
* လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို ကလေးငယ်များ လက်လှမ်းမမီသောနေရာတွင် တပ်ဆင်အသုံးပြုရန်။
* နေအိမ်ရှိ လျှပ်စစ်ပစ္စည်းများအား တစ်ပြိုင်နက်အသုံးမပြုရ။
* ပျက်စီးနေသော မီးပလပ်၊ မီးခလုတ်များ၊ ဆော့ကတ်များ အသုံးမပြုရ၊ အမြန်ဆုံးလဲလှယ်ရပါမည်။
* ဓာတ်အားလိုင်းအနီး ဓာတ်အားလိုင်းပေါ်ရှိ သစ်ပင်သစ်ကိုင်းများခုတ်လှဲခြင်းကို လျှပ်စစ်ဌာန၏ ခွင့်ပြုချက်မရှိဘဲ မခုတ်ရ။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

# အလှကုန်ပစ္စည်းနှင့် ပတ်သက်သည့် သတိပေးချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ထိရောက်သည့် အကျိုးအာနိသင်ရှိပြီး ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းစေသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ အလှကုန်ပစ္စည်းဆိုင်ရာ အမိန့်အမှတ်(၁/၂၀၁၀)နှင့်အညီ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိဘဲ ပြည်တွင်း၌ ဈေးကွက်တင်ရောင်းချနေသော အောက်ဖော်ပြပါ အလှကုန်ပစ္စည်းကိုးမျိုး၌ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သုံးစွဲရန်မသင့်တော်ကြောင်း အများပြည်သူလူထုအား အသိပေးနှိုးဆော်ကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့သော် အဆိုပါအလှကုန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်များ၌ ရောင်းချနေဆဲဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ယင်းအလှကုန်ပစ္စည်းများကို အများပြည်သူလူထု သုံးစွဲခြင်းမပြုကြရန်နှင့် တင်သွင်း၊ ဖြန့်ဖြူးရောင်းချမှုများကို တွေ့ရှိပါက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ/နိုင်ငံ | တားမြစ်ဓာတုပစ္စည်းပါဝင်မှု |
|---|---|---|---|
| ၁။ | Mellano- Cream No.1 | Ornets(Thailand)Co.,Ltd., Thailand | Mercury |
| ၂။ | Mellano- Night Cream No.2 | Ornets(Thailand) | Co.,Ltd., Thailand Hydroquinone |
| ၃။ | Mellano- Facial Nourishing Cream No.3 | Ornets(Thailand)Co.,Ltd., Thailand | Betamethasone 17-Valerate |
| ၄။ | Polla Platinum- Crystal White Nourishing Face Cream | Made in Thailand | Mercury |
| ၅။ | Polla Gold- Super White Perfect Cream | Made in Thailand | Betamethasone 17-Valerate |
| ၆။ | Polla- Anti-Melasma Cream(New Night Cream) | Made in Thailand | Hydroquinone |
| ၇။ | Nineteen Nano 19- Whitening Nano Night Repair Cream | Made in Thailand | Hydroquinone |
| ၈။ | Baschi- Day Cream (Whitening Cream) | Jiao Nuo Cosmetics Co.,Ltd., Thailand | Mercury |
| ၉။ | Baschi- Night Cream (Whitening Cream) | Jiao Nuo Cosmetics Co.,Ltd., Thailand | Retinoic Acid |

**ကျန်းမာရေးဝန်ကြီးဌာန**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနအတွက် ဂြိုဟ်တုဓာတ်ပုံများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း အိတ်ဖွင့်တင်ဒါအမှတ်(၅/၂၀၁၄-၂၀၁၅)

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သည့် ဂြိုဟ်တုဓာတ်ပုံများကို အောက်ဖော်ပြပါ အရည် အသွေး သတ်မှတ်ချက်များအတိုင်း (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအရည်အသွေး အကြောင်းအရာ | ပစ္စည်းအရည်အသွေး သတ်မှတ်ချက် |
|---|---|---|
| 1 | Satellite Name | Rapideye |
| 2 | Image Resolution | 5 meter |
| 3 | Data Type | Ortho rectified Geo-Tiff<br>Archived data<br>(within 6 months) |
| 4 | Number of Band | Blue 440-510nm<br>Green 520-590nm<br>Red 630-685nm<br>Red Edge 690-730nm<br>Near-Infrared 760-850nm |
| 5 | Cloud Coverage | Less than 6 percent |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန၊ ရုံးအမှတ်(၃၉)၊နေပြည်တော်(ဖုန်း ၀၆၇-၄၀၅၁၀၉)တွင် ၂၅-၈-၂၀၁၄ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပေးသွင်းမှုကို ၁၇-၉-၂၀၁၄ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။

သစ်တောဦးစီးဌာန

## INVITATION FOR INTERNATIONAL COMPETITIVE BIDDING (ICB)

THE DEPARTMENT OF RURAL DEVELOPMENT has received the Grant from the International Development Association for National Community Driven Development Project and wishes to purchase for Kanpetlet Township, Namhsan Township, Kyunsu Township, Pinlebu Township, Lemyethna Township, Sitoktaya township, Ann Township, Htantabin Township, Tatkone Township and DRD Union the following package by international competitive bidding:

Lot1: Type A Motorcycle 221 units
Lot2: Type B Motorcycle 25 units

Sealed bids are to be submitted to U Khant Zaw, Deputy Chief Engineer, Department of Rural Development, office No.(14),Nay Pyi Taw, no later than (23-9-2014)10:30 hour, after which no bid will be accepted. No telegraphic/telex proposal will be accepted.

For detail information please contact the Deputy Chief Engineer 067-409413.

**Website: www.drdmyanmar.org**

**Email:drdmyanmar@gmail.com**

**အမည်မှန်**

အထက(၂)နေပြည်တော်၊ ခုံအမှတ် နဇယ-၁၇၃ဖြင့် အောင်မြင်ခဲ့သော မောင်ဥဿအောင်(ဘ)ဦးသံလုံး၏ အမည်မှန်မှာ မောင်ဥဿာအောင် ဖြစ်ပါကြောင်း။ မောင်ဥဿာအောင်


# ရန်ကုန်တက္ကသိုလ်သိပ္ပံပွဲခင်း - ၂၀၁၄




ဩဂုတ်လ(၂၃)မှ(၂၅)ရက်အထိနေ့စဉ်(၉း၀၀)မှ(၁၇း၀၀)နာရီအထိ အပန်းဖြေရိပ်သာတွင်ကျင်းပပြုလုပ်မည်။

တက္ကသိုလ်နှင့်လူမှုစီးပွားအဖွဲ့အစည်းများအတွင်းသုတေသနနှင့်သင်ကြား၊သင်ယူမှုလုပ်ငန်းများပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်လာနိုင်ရန် ရည်ရွယ်ထားသောကြောင့် စိတ်ပါဝင်စားသူ မည်သူမဆိုလာရောက်လေ့လာရန် ဖိတ်ခေါ်အပ်ပါသည်။

အဆိုပါပြပွဲတွင် တက္ကသိုလ်များသိပ္ပံသုတေသနဌာန၊ ရန်ကုန်တက္ကသိုလ် နှင့် ဒဂုံတက္ကသိုလ်ရှိသိပ္ပံဘာသာရပ်ဌာနများ၊သိပ္ပံပစ္စည်းအလုပ်ရုံ၊မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့အပြင်ပြည်တွင်း၊ပြည်ပနိုင်ငံတကာနည်းပညာဆိုင်ရာကုမ္ပဏီများမှပြသကြမည်ဖြစ်ပြီးသင်ကြားမှုအထောက်အကူပြုပစ္စည်းများ၊သုတေသနလုပ်ငန်းသုံးစက်ကိရိယာများနှင့်ပတ်သက်သော သိပ္ပံနည်းပညာဆိုင်ရာအသိပညာများ ဖြန့်ဖြူးပေးမည့်ဟောပြောပွဲများကိုလည်း ပြုလုပ်ကြမည်ဖြစ်ပါသည်။

တက္ကသိုလ်များသိပ္ပံသုတေသနဌာနမှ "ရေဖြင့်လျှပ်စစ်မီးထွန်းသောမဂ္ဂနီဆီယမ် ဘက်ထရီ" ကို အထူးပြသပါမည်။

၂၄-၈-၂၀၁၄ နှင့် ၂၅-၈-၂၀၁၄ ရက်တို့တွင် (၁)ကွန်ပျူတာတက္ကသိုလ်၊ ပါမောက္ခချုပ်(ငြိမ်း)- ဒေါက်တာကျော်သိန်း(၂)မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့အလုပ်အမှုဆောင်-ဒေါက်တာမျိုးသန့်တင်(ဓါတုအင်ဂျင်နီယာ)(၃)တောင်ကြီးတက္ကသိုလ်၊ပါမောက္ခချုပ်(ငြိမ်း)-ဒေါက်တာမောင်ကျော်(ဓါတုဗေဒ) (၄)ရန်ကုန်တက္ကသိုလ်၊သချာင်္ဌာန၊ပါမောက္ခ(ဌာနမှူး)(ငြိမ်း)-ဒေါက်တာဖော်ဝင်း(၅)သတင်းအချက်အလက်နှင့်နည်းပညာ ကျွမ်းကျင်သူ-ဒေါက်တာသိန်းဝင်း(ရူပဗေဒ)(၆)စာရေးဆရာဒေါက်တာခင်မောင်ညို(ဓါတုဗေဒ)၊(၇)မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ဒုတိယဥက္ကဋ္ဌဒေါက်တာတိုးနန္ဒာတင်နှင့် (၈)ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်-ဒေါက်တာအောင်သူတို့က သိပ္ပံနည်းပညာရပ်ဆိုင်ရာများကို ဝိဇ္ဇာခန်းမတွင်ဟောပြောပါမည်။

၂၃-၈-၂၀၁၄ နံနက်ပိုင်းတွင် အနုပညာအသင်းက တိုင်းရင်းသားရိုးရာပဒေသာကပွဲဖြင့် ဖျော်ဖြေပါမည်။



# မကိုက်ရ

ခြင်ပြေးလိမ်းဆေးခရင်(မ်) တစ်ခါသုံးအထုပ်




100 Ks

ဖြန့်ချိရေး Ph: 09 450012380

ဆေးဆိုင် / store ဆိုင်များတွင်ရရှိနိုင်ပါသည်။

# စစ်ကိုင်း၊ ပါရမီရပ်ကွက်ရှိ တိုင်းကစားကွင်းကြီး အသစ်ပြန်လည်တည်ဆောက်မည်

**စစ်ကိုင်း၊ ဩဂုတ် ၂၁**

စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်ရှိ တိုင်းအားကစားကွင်းကြီးအား အသစ်ပြန်လည် တည်ဆောက်မည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဌေးကိုက ပြောသည်။

လက်ရှိတွင် ပျက်စီးယိုယွင်းနေသော ပွဲကြည့်စင်(ဟောင်း)များအား ဖျက်သိမ်းပြီး ကွင်းအားပြုပြင်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်၍ နှစ် ၇၀၀ ပြည့်ပွဲတော်ကြီး ကျင်းပပြီးနောက် အထူးတန်းပွဲကြည့်စင်နှင့် ရိုးရိုးတန်းပွဲကြည့်စင်များ အသစ်ပြန်လည်တည်ဆောက်ရန် တိုင်းအား/ကာသို့ ဆောက်လုပ်မည့်ပွဲကြည့်စင်ပုံစံများ၊ ကုန်ကျစရိတ်တွက်ချက်မှုများ တင်ပြထားပြီးဖြစ်ကြောင်း ၎င်းကပြောသည်။

ထိုသို့ တွက်ချက်တင်ပြချက်များအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုလာပါက ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ပါရမီအားကစားကွင်းကြီးအား ကျပ်သိန်း ၈၀၀ တန် အလေးမအားကစားရုံတစ်ရုံ၊ ကျပ်သိန်း ၆၀၀ တန် ကာယဗလ၊ ကာယအလှ အားကစားရုံတစ်ရုံ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်ရှိ တိုင်းအားကစားကွင်းကြီးမှာ အလျား ၈၆၀ ပေ၊ အနံ ၈၄၀ ပေ၊ ဧရိယာ ၁၅ ဒသမ ၈၀ ဧကရှိပြီး ၎င်းအားကစားကွင်းကြီးအား ၁၉၉၂ ခုနှစ်တွင် အားကစားပြိုင်ပွဲအမျိုးမျိုးဖြင့် စတင်အသုံးပြုခဲ့ရာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာနရုံး မုံရွာမြို့သို့ ပြောင်းရွှေ့သွားပြီးနောက် ၎င်းအားကစားကွင်းကြီးအား အသုံးမပြုသည်မှာ ၁၀ နှစ်ကျော်ရှိပြီဖြစ်သည်။

အဆိုပါ အားကစားကွင်းမှာ အသုံးမပြုခြင်းကြောင့် အထူးတန်းပွဲကြည့်စင် တစ်စင်၊ ရိုးရိုးတန်းပွဲကြည့်စင် သုံးစင်ရှိကာ မီတာ ၄၀၀ ပြေးလမ်းနှင့် ဘောလုံးကွင်းမှာ ၁၀ နှစ်ကျော်ကာလ အသုံးမပြုခဲ့သည့်အတွက် ပွဲကြည့်စင်များရှိ တိုင်များ၊ ပျဉ်ခင်းများ၊ အမိုးများ ပျက်စီးနေခြင်းဖြစ်သည်။

တိုင်းအားကစားကွင်း(ဟောင်း)၏ အခြေအနေများကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး အား/ကာဦးစီးဌာနသို့ တင်ပြထားပြီးဖြစ်၍ စစ်ကိုင်းမြို့တည်နန်းတည်နှစ် ၇၀၀ ပြည့်ပွဲတော်ကြီးအား တိုင်းအားကစားကွင်း၌ ကျင်းပရန်လျာထားကြောင်း သိရသည်။

တိုင်းအားကစားကွင်းဟောင်းကို အသစ်ပြန်လည်တည်ဆောက်ရမည်ဖြစ်သောကြောင့် ချက်ချင်း အကောင်အထည်ဖော်ဆောင်ရွက်၍မရကြောင်း၊ ဘဏ္ဍာရေး နှစ်အလိုက် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ကွင်းသန့်ရှင်းရေးကိုလည်း ရုံးဝန်ထမ်းများအင်အားဖြင့် အပတ်စဉ် ရှင်းလင်းလျက်ရှိကြောင်း ဦးသန်းဌေးကိုက ဆက်လက်ပြောသည်။

စစ်ကိုင်းမြို့၏ကျက်သရေဆောင် တိုင်းအားကစားကွင်းသစ်ကြီး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အလှူရှင်များ၏ ကူညီပံ့ပိုးမှုများ လိုအပ်နေကြောင်း ပြောကြားချက်အရ သိရသည်။

**ဌေးမြင့်နိုင်(စစ်ကိုင်း)**

## ကျုံဒိုးမြို့တွင် အညှာတစ်ခုထဲတွင် အသီးများသီးပြီး အစေ့မပါသော သဘော်သီးများသီးနေ



**ကျုံဒိုး၊ ဩဂုတ် ၂၁**

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ သစ်လွင်လမ်းတွင် နေထိုင်သော ဆရာမဌေးဌေးမာ၏နေအိမ် ခြံနောက်ဖေးရှိသဘော်ပင်မှ သဘော်သီးများ ထူးခြားစွာသီး၍ အသီးတိုင်းတွင် အထဲ၌ အုန်းသီးများ အပင်စပေါက်သလို သကျူသွေးဥပုံစံများပါရှိကြောင်း ကြားသိရသည်။

သဘော်ပင်မှ အသီးများ၏အညှာတစ်ခုထဲတွင်အသီးနှစ်လုံး၊ သုံးလုံး ထူးခြားစွာသီးနေပြီး ထိုအသီး၏မျိုးစေ့အိမ်ထဲတွင် မျိုးပွားသန္ဓေစေ့များ မပါရှိဘဲ အုန်းသီးများအပင်စပေါက်သလိုသကျူသွေးဥပုံစံတစ်ခု ပါရှိနေသည်ကို တွေ့ရှိရသည်။

သဘာဝသဘော်သီးများမှည့်ရာတွင်အခွံ၌ ရွှေဝါရောင်များသန်းကာ မှည့်လေ့ရှိပြီး ထိုအသီးတွင် ရွှေဝါရောင်များသန်းခြင်းမရှိဘဲ အခွံအစိမ်းရောင်ဖြင့်သာ ရင့်မှည့်ပြီး အရသာသည် သဘာဝအသီးထက်ပိုချိုမြ၍ စားလို့ကောင်းကြောင်း၊ အသီးအား ထပ်ဆင့်စိုက်ပျိုးလိုသူများလာရောက်ကြည့်ရှု၍ ပြည်လည်စိုက်ပျိုးချင်သော်လည်း မျိုးပွားသန္ဓေစေ့များမပါရှိသဖြင့် ပြန်လည်ဆင့်ပွားစိုက်ပျိုးရန် ခက်ခဲလျက်ရှိပြီး အောက်သီးထက် အပေါ်သီးတွင်မျိုးပွားစေ့များ ပါ၊ မပါ ပြန်လည် စောင့်ကြည့်လျက်ရှိကြောင်းသိရသည်။

**(ကြေးမုံ)**

## မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ကျေးရွာအုပ်စု ၇၅ စုအတွက် မိုးသီးနှံချေးငွေပေးအပ်မှုနှင့် စိုက်ပျိုးပညာပေးဆွေးနွေး

**နတ်မောက်၊ ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ကျေးရွာအုပ်စု ၇၅ အုပ်စုအတွက် ၂၀၁၄ ခုနှစ် မိုးသီးနှံ၊ မိုးစပါးချေးငွေ ကျပ် သိန်း ၁၃၃၀၇ ဒသမ ၈၀ ထုတ်ချေးပြီးဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

မိုးသီးနှံချေးငွေ ပေးအပ်စဉ်ကာလများတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဦးမျိုးနိုင်က ကျေးရွာအုပ်စုအလိုက် သီးနှံစိုက်တောင်သူများအား ချေးငွေထုတ်ချေးမှု စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များအား ရှင်းလင်းပြောကြားကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက ဒေသရေမြေနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို အခြေပြု၍ နယ်မြေဒေသအလိုက် စိုက်ပျိုးသင့်သည့် ဈေးကွက်ဝင်သီးနှံ သက်တမ်းတိုသီးနှံများ ပြောင်းလဲစိုက်ပျိုးရေး၊ စိုက်ပျိုးပြီးနောက် ကြုံတွေ့ရနိုင်သည့် အခက်အခဲများအား အချိန်တိုတိုဖြင့် လွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် သီးနှံအလိုက် သိပ္ပံနည်းကျ စိုက်နည်းစနစ်နှင့်အညီ စိုက်ပျိုးရေးတို့ကို ဆွေးနွေးခဲ့သည်။

စိုက်ပျိုးရေးတွင် ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းအတွက် သဘာဝဂေဟစနစ် ထိခိုက်မှုလျော့နည်းစေရန်အတွက် ပိုးသတ်ဆေးအမျိုးအစားအလိုက် နည်းလမ်းမှန်ကိုင်တွယ် အသုံးပြုနည်း၊ ဓာတ်မြေဩဇာများ အချိုးကျ အချိန်မှန်ထည့်သွင်းနည်း၊ မိုးကောင်းသောက် လယ်မြေ ယာမြေများတွင် မြေဆီလွှာပြုပြင်ထိန်းသိမ်းရေး နည်းပညာများအား ဆွေးနွေးဆောင်ရွက်ထားရှိကြောင်း သိရသည်။

နတ်မောက်မြို့နယ်တွင် မိုးဦးအဝင် နောက်ကျခဲ့ပြီး မိုးဦးသီးနှံများ စိုက်ပျိုးချိန်နောက်ကျခဲ့ရသည်။ စိုက်ပျိုးချိန်ရာသီ နောက်ကျမှု၊ ကွက်ကျားမိုးရွာသွန်းမှုနှင့် ပေါင်းမြက်ကာကွယ်နှိမ်နင်းရေး လုပ်သားရှားပါးမှု၊ ပေါင်းမြက်နှင့် ပိုးမွှားရောဂါကျရောက်မှု အခက်အခဲများကြားမှ သီးနှံစိုက်တောင်သူများ မှန်းချက်နှင့်နှမ်းထွက် မကိုက်မည်ကို အထူးစိုးရိမ်နေကြရကြောင်း တံခွန်တိုင်အုပ်စု မိုးဦးနှမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

**လှဝင်း(ပြန်/ဆက်)**

## ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံး တောင်ကြီးမြို့တွင် ဖွင့်လှစ်

**တောင်ကြီး၊ ဩဂုတ် ၂၁**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံး ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၈ နာရီခွဲက တောင်ကြီးမြို့ ဈေးပိုင်းရပ် စဝ်စံထွန်းလမ်း အမှတ် ၁၃၉ ဒုတိယထပ်တွင် ကျင်းပခဲ့သည်။

ရုံးဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဝန်ကြီးများ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခြင်း၊ ဖွင့်ပွဲအထိမ်းအမှတ်ဖဲကြိုးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးနှင့် စီမံကိန်းဝန်ကြီး ဦးအောင်ကျော်ညွန့်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးတို့က ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားတွင် နိုင်ငံသားများ ကုမ္ပဏီဖွဲ့စည်းခြင်း၊ တည်ထောင်ခြင်းလုပ်ငန်းများအလိုက် ရင်းနှီးမြှုပ်နှံခြင်း၊ မှတ်ပုံတင်ခြင်း၊ နိုင်ငံခြားကုမ္ပဏီများ ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ ဆောင်ရွက်ပေးနိုင်မှုများကို တာဝန်ရှိသူများက ရှင်းလင်းဟောပြောကာ တက်ရောက်လာသော ကုမ္ပဏီအချို့၏ မေးမြန်းချက်များကို တာဝန်ရှိသူများက အသေးစိတ်ပြန်လည် ရှင်းလင်းခဲ့ကြသည်။

**သန်းဝေ(တောင်ကြီး)**

ဇမ္ဗူကျော်
09-250137066
09-73177727,09-5194608

ငှားမည်
AA/----,PRIMERO TAXI
CNG 70Lt, အိမ်ပေးငှားမည်။
လစာ-၅၅၀၀၀၀၊
အင်ဂျင်ဝိုင်လဲပေးမည်။
Ph: 09-420131037

ရောင်းမည်
BB/---,MARK II 99 CNG
70Lt ရောင်းမည်။
(၁၆၃)သိန်း
Ph: 09-420131037

နံပါတ်နက်ကားငှားမည်
Belta, 2008, 2WD
နောက်ဆုံးနံပါတ် 6H/---- Condition
4(A)ဆီစားသက်သာ ကားသန့်သန့်ကို
ဦးဦးဖျားဖျားစီးရမည်။
ဖုန်း-၀၉-၅၁၆၄၂၈၅

အမည်ပြောင်းခြင်း
ဦးကျော်မိုး၏သား ရွှေပင်ရွှေသီး ကိုယ်ပိုင်အထက်တန်းကျောင်း ဒုတိယတန်း (A)တွင် ပညာသင်ကြားနေသော မောင်သီဟအား မောင်ဖြိုးသီဟကျော်ဟု အမည်ပြောင်းလဲခေါ် ဆိုပါရန်။ မောင်ဖြိုးသီဟကျော်

ပျောက်ဆုံးကြောင်း
ကျွန်တော်များ Pro Mart Co.,Ltd မှ သွင်းကုန်လိုင်စင် (လိုင်စင်နံပါတ်-IL414-15, 0296)သည် 6-5-2014 ရက်နေ့တွင် နေပြည်တော်သွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါ အကြောင်းကြားပေးပါရန်။
01-8500479




AT&S မှကြီးမှူးပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင်ကျင်းပပြုလုပ်မည့် စင်ကာပူအဆင့်မြင့်ပညာရေးပြပွဲ
- စင်ကာပူနိုင်ငံမှထိပ်တန်း ပုဂ္ဂလိက ကျောင်းများဖြစ်သော Curtin, JCU, KAPLAN, MDIS, PSB, Raffles, SAA-GE, TMC တို့မှ ပါဝင်ပြသမည်ဖြစ်မည်။
- ကျောင်းတစ်ခုချင်းစီ၏ အရာရှိများမှ ကျောင်းဝင်ခွင့်နှင့် ဘာသာရပ်ဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းကို တစ်ဦးချင်းဆွေးနွေးပေးမည်။
- ကျောင်းအပ်နှံမည့်ကျောင်းသား/သူ များသည် ပညာရေးဆိုင်ရာ အထောက်အထားများ တစ်ပါတည်း ယူဆောင်လာ၍ လျှောက်ထားမေးမြန်းနိုင်ပါသည်။
- ကျောင်းလျှောက်လွှာကြေး ကင်းလွတ်ခွင့်၊ ပညာသင်ဆု၊ ဘာသာရပ်ဆိုင်ရာကင်းလွတ်ခွင့် များကိုလည်း စုံစမ်းမေးမြန်း လျှောက်ထားနိုင်မည်ဖြစ်သည်။

ရန်ကုန်ပြပွဲ
နေ့ရက် ၂၃.၈.၂၀၁၄ (စနေနေ့)
အချိန် နေ့လည် (၁) နာရီမှ (၅) နာရီ
နေရာ ဇလပ်ဖြူခန်းမ၊ ၈-လွှာ၊ တော်ဝင်ဂါးဒင်းဟိုတယ် (တော်ဝင်စင်တာ၊ ပြည်လမ်း၊ ရန်ကုန်)

မန္တလေးပြပွဲ
နေ့ရက် ၂၄.၈.၂၀၁၄ (တနင်္ဂနွေနေ့)
အချိန် နေ့လည် (၁) နာရီမှ (၅) နာရီ
နေရာ စံပယ်ဖြူခန်းမ၊ ဟိုတယ်မန္တလေး

ဆက်သွယ်စုံစမ်းရန် ရန်ကုန် ၅၂၁၁၂၅၊ ၂၅၁၃၃၂ ၀၉၅၁၂၄၇၆၀ မန္တလေး ၀၉၅၀၆၂၁၆၀ ၀၉၅၀၆၂၁၇၁

ဆောင်းပါး

# စစ်ကိုင်းမြို့တည်နန်းတည် နှစ် ၇၀၀ ပြည့်ပွဲတော်နှင့် စိတ်ကူးထဲက အသင်္ခယာစောယွမ်းရုပ်ပုံလွှာ

à eÉrif;vGef

သက္ကရာဇ် ၁၃၇၇ ခုနှစ်၊ ခရစ်နှစ် ၂၀၁၅ ခုနှစ်တွင် စစ်ကိုင်းမြို့၏ မြို့တည်နန်းတည် နှစ် ၇၀၀ ပြည့်ပွဲတော်ကြီးကို ကျင်းပပြုလုပ်သွားရန် ဖေယျာသူ၊ ဖေယျာသားတို့ စိတ်အားတက်ကြွ တာဆူလျက်ရှိနေကြသည်။ စစ်ကိုင်းမြို့ကို တည်ထောင်တော်မူခဲ့သည့် မြို့တည်နန်းတည်မင်း သီရိအသင်္ခယာစောယွမ်း၏ ရုပ်တုကိုလည်း ထုလုပ်ဂုဏ်ပြုကြရန် စီစဉ်လျက်ရှိနေသည်ဟု သိရသည်။ ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပေတော့သည်။

စစ်ကိုင်းမြို့သူမြို့သားအများစုတို့သည် စစ်ကိုင်းမြို့တည်နှစ်ကို အကွဲကွဲအပြားပြား အမှတ်မှားနေကြသည်။ ထိုသို့အမှတ်မှားသည်ကိုလည်း အပြစ်မဆိုသာချေ။ "သာယာဝိုင်း-စစ်ကိုင်းတည်" ဟူသော အမှတ်အသားလည်း ရှိနေသဖြင့် စစ်ကိုင်းမြို့ကို သက္ကရာဇ် ၆၈၄ ခုနှစ်တွင် တည်ထားခဲ့သည်ဟု တချို့က သိထားကြသည်။ "သာယာဝိုင်း-စစ်ကိုင်းတည်"အယူအဆသည် ဦးကုလားမဟာရာဇဝင်ကြီးကို ကိုးကားကာ အမှတ်အသားပြုခဲ့ကြခြင်းသာ ဖြစ်သည်။ ဦးကုလားမဟာရာဇဝင်ကြီးတွင် "စစ်ကိုင်းမြို့ အသင်္ခယာစောယွမ်း တည်တော်မူသော သက္ကရာဇ်ကား ၆၈၄ ခု တွင် သစ်မြို့တည်တော်မူသည်။ ၆၈၅ ခုတွင် အုတ်မြို့တည်တော်မူသည်။ မြောက်ဘက်တစ်လွှားကို လက်နက်နိုင်ငံပြု၍ ခြားနားတော်မူသည်။" ဟု ရေးသားခဲ့မှုအပေါ် အမှတ်အသားပြုကြခြင်းကြောင့် ဖြစ်ပေသည်။

စစ်ကိုင်းမြို့တည်နန်းတည်သက္ကရာဇ်ကို "သာတိုးတိုင်-စစ်ကိုင်းတည်"၊ " သံတံတိုင်း-စစ်ကိုင်းတည်" ဟူသော လင်္ကာအမှတ်အသားအရ ၆၇၇ ခုနှစ်ဟု လက်ခံကြသူက အများစုဖြစ်သည်။ ထိုသို့လက်ခံကြခြင်းမှာ မှန်နန်းရာဇဝင်တော်ကြီး၏ ဖော်ပြချက်အရ လက်ခံကြခြင်းဖြစ်သည်။ မှန်နန်းရာဇဝင်တော်ကြီးတွင် "စစ်ကိုင်းမှာကား ပင်းယမြို့တည် တစ်စီးရှင်သီဟသူမင်းကြီးလက်ထက် သာသနာတော် ၁၈၅၉ ခုနှစ်၊ သက္ကရာဇ် ၆၇၇ ခုတွင် တစ်စီးရှင်သားတော် မင်းစောယွမ်းသည် မြို့တည်ပြီးလျှင် သီရိအသင်္ခယာ ဟူသောအမည်ကိုခံ၍ မြောက်ဘက်တစ်လွှားကို မင်းပြုတော်မူ၏။" ဟူ၍ ရေးသားခဲ့ပေသည်။

မှန်နန်းရာဇဝင်ပညာရှင်များသည် ဦးကုလားကဲ့သို့ ရာဇဝင်ကိုရေးသားရာတွင် တစ်ယောက်တည်း ရေးသားပြုစုခဲ့ခြင်းမဟုတ်ချေ။ ဘကြီးတော်မင်းလက်ထက် သက္ကရာဇ် ၁၁၉၁ ခုနှစ်တွင် မှန်နန်းတော်ဦး၊ နန်းမစနုဆောင်တွင် ရဟန်းပညာရှိ၊ လူပညာရှိ၊ ပုဂ္ဂိုလ် ၁၃ ဦးတို့က ကျောက်စာ၊ ပေစာ၊ သမိုင်းဟောင်း၊ ပို့၊ ကဗျာ၊ မော်ကွန်း၊ ဧချင်း စသည်တို့ဖြင့် တိုက်ဆိုင်စစ်ဆေး၊ ညှိနှိုင်းတိုင်ပင်တည်းဖြတ်ကာ ရေးသားပြုစုခဲ့ခြင်းဖြစ်သောကြောင့် ပိုမိုခိုင်မာတိကျပြီး လက်ခံဖွယ်ရှိပေသည်။ အသင်္ခယာစောယွမ်း၏ စစ်ကိုင်းမြို့တည်နန်းတည်နှစ်၊ နတ်ရွာစံနှစ်တို့ကိုလည်း အထင်အရှားဖြစ်သော စကြံကျောင်းကျောက်စာနှင့် ညှိနှိုင်းဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မူလရှိခဲ့ပြီးဖြစ်သည့် ဇာတာတော်ပုံရာဇဝင်နှင့် ဦးကုလားမဟာရာဇဝင်တော်ကြီးတို့၏ ဖော်ပြချက်ကို လက်မခံခဲ့ကြချေ။

စစ်ကိုင်းရတနာစေတီကျောက်စာတွင် "ဆင်ဖြူသိခင်မင်ကြီးမျာ မိဘုရာစ် အလယ်မင်သည် ဘုရာမျာမဖြစ်သော ကြာချံသာသုံပါကိုဝ် လိုဝ်ခြင်သောကြောင် ပျက်ခဲပြီသော အဝကြောင် သစ်ဥတ်ကိုဝ် ဆောင်ခြေရှယ် ငသာအသင်္ခယာ ပျံတ်မူသော ဣမ်နှင် ပေါင်ရှယ် ကြောင်ကြီးပြု၏၊ ပြည်သာ သတ္တာလုံမ်လလေ ဟိထသော သာတတြာဖျာမင်ကြီကိုဝ် ပန်ရှယ် သကရစ် ၆၈၅ ခု လဲပေါင်နှင့်အကွ ဝတ်လုတ်မူရှင် ၅၀၀ လျင် လျှုတ်မူ၏" ဟု ရေးထိုးထားသဖြင့် စာရေးသူအနေဖြင့်လည်း သက္ကရာဇ်-၆၈၄ ခုနှစ်သည် စစ်ကိုင်းမြို့တည်နှစ်မဟုတ်ဘဲ အသင်္ခယာစောယွမ်းနတ်ရွာစံနှစ်သာ ဖြစ်ကြောင်းကို လက်ခံပါသည်။

> အသင်္ခယာစောယွမ်း၏ မိခင်သည် လှပချောမောပြေပြစ်သည့် ဗမာအမျိုးသမီး ဖြစ်သည်။ ဖခင်မှာ . . .

စစ်ကိုင်းမြို့တည်နန်းတည်နှစ်ကို မှန်နန်းရာဇဝင်တွင် "စောယွမ်းလည်းအလုံးအရင်း၊ ဆင်မြင်း၊ စားကျေး၊ စားလက်ရပြီးလျှင် သာသနာတော် ၁၈၅၉ နှစ်နှင့် သုံးလ တစ်ဆယ့်နှစ်ရက်၊ ကောဇာသက္ကရာဇ် ၆၇၇ ခုတွင် စစ်ကိုင်းမြို့ကိုတည်၍ မြောက်ဘက်တစ်လွှားကို လက်နက်နိုင်ငံပြုပြီးလျှင် ခြားနားလေ၏"ဟု ဖော်ပြထားပေသည်။ စစ်ကိုင်းမြို့တည်နန်းတည်နှစ် ရက်စွဲမှာ သက္ကရာဇ် ၆၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်ဖြစ်ကြောင်း သိရပေသည်။

ဇာတာတော်ပုံရာဇဝင်နှင့် ဦးကုလားမဟာရာဇဝင်တော်ကြီးတို့တွင် အသင်္ခယာစောယွမ်း၏ အိမ်နိမ့်စံနှစ် ၂၀၊ အသက် ၂၈ နှစ်ဟု ဖော်ပြကြပြီး၊ မှန်နန်းရာဇဝင်တော်ကြီးနှင့် တွင်းသင်းရာဇဝင်တို့တွင် အိမ်နိမ့် ၁၄၊ အသက် ၂၂ နှစ်ဟု ဖော်ပြကြသည်။ နန်းစံနှစ်ကိုမူ ရှစ်နှစ်ဟု တညီတညွတ်တည်း ဖော်ပြခဲ့ကြသည်။ ရာဇဝင်ကျမ်းများအရ စစ်ကိုင်းမြို့တည်နန်းတည်မင်း သီရိအသင်္ခယာစောယွမ်းသည် သက်တော်နှစ်ဆယ်ကျော် ငယ်နုစဉ်မှာပင် နတ်ရွာစံခဲ့သည်မှာ ထင်ရှားပေသည်။

စစ်ကိုင်းမြို့တည်နန်းတည်မင်း၏ ရုပ်တုကို ထုလုပ်ထားရှိရန် စီစဉ်နေကြသည်ဖြစ်၍ စာရေးသူအနေဖြင့် အသင်္ခယာစောယွမ်း၏ရုပ်ပုံလွှာကို စိတ်ကူးဖြင့် ပုံဖော်ကြည့်မိပါသည်။ အသင်္ခယာစောယွမ်း၏မယ်တော် ရတနာပုံ မိဖုရားသည် ရုပ်ရည်ချောမောပြေပြစ်လှပသူဖြစ်သည်။ ချောမောလှပပြေပြစ်၍လည်း သားတစ်ယောက်မိခင်၊ ကျေးတောသူ မုဆိုးမဘဝမှ မြောက်နန်းမိဖုရားကြီး ဖြစ်လာခဲ့သူဖြစ်သည်။ရာဇဝင်တွင် အသင်္ခယာစောယွမ်း၏မိခင် ရတနာပုံမိဖုရား၏အကြောင်းကိုပြန်ကြည့်လျှင် စစ်ကိုင်းမြောက်လက်၊ လင်းယဉ်ရွာသူအသည် သမီးဖြစ်သည်။ အဆင်းအင်္ဂါလက္ခဏာကြီးငယ်နှင့် ပြည့်စုံသူဖြစ်သည်။ အရွယ်ရောက်လာသည့်အခါ အိမ်ထောင်ရက်သားကျ၍ သားတစ်ယောက်ရချိန်တွင် လင်သားရော၊ မိဘများပါ ကြမ္မာကုန်ကွယ်လွန်ကြသည်။ မိဘလင်မရှိတော့သောအခါ ငါ၏အဆင်းအင်္ဂါနှင့် မဆင်းရဲနိုင်ဟုဆုံးဖြတ်ကာ မြောက်ဘက်လင်းယဉ်ရွာမှ တောင်ဘက် ပင်လယ်မြို့သို့ သွားခဲ့သည်။

ပင်လယ်သို့ ရောက်သည့်အခါ ပင်လယ်တွင် မင်းပြုနေသည့် တစ်စီးရှင်သီဟသူမင်းက တွေ့ရှိသွားပြီး ရတနာပုံအမည်နှင့်မြောက်နန်း မိဖုရားမြှောက်ခဲ့သည်။ အသင်္ခယာစောယွမ်း၏မိခင်သည် လှပချောမောပြေပြစ်သည့် ဗမာအမျိုးသမီးဖြစ်သည်။ ဖခင် တစ်စီးရှင်သီဟသူသည် ရှမ်းအမျိုးသားဖြစ်သည်။ အသားအရေဖြူစင်ဝင်းဝါ၍ အရပ်အမောင်းထွားကျိုင်းသန်မာသော ရှမ်းတိုင်းရင်းသားဖခင်နှင့် ချောမောလှပပြေပြစ်သော ဗမာအမျိုးသမီးမိခင်တို့မှ မွေးဖွားလာသည့် အသင်္ခယာစောယွမ်းသည် မိခင်မျိုးရိုးကိုလိုက်၍ ရုပ်ရည်ပြေပြစ်ချောမောပေလိမ့်မည်။ ဖခင်၏သွေးကိုလိုက်၍အသားအရေ ဝင်းဝါလှပကာ သန်မာထွားကျိုင်းသူ ဖြစ်ပေလိမ့်မည်။

အသင်္ခယာစောယွမ်းသည် စစ်ကိုင်းကိုတည်ထောင်သောအခါ ထောင်သင်းအစုနှင့် မြင်းကိုးသင်းကိုဖွဲ့ကာ တိုင်းရေးပြည်ရာကို စီမံအုပ်ချုပ်ခဲ့သည်။ ကိုးသင်းမြင်းစို့မှာ တမာခါးမြင်း(မြင်း-၁၅၀)၊ ပြင်စည်မြင်း(မြင်း-၁၅၀)၊ ယူတော်မူမြင်း(မြင်း-၁၅၀)၊ လက်ရွေးကြီးမြင်း(မြင်း-၁၅၀)၊ လက်ရွေးငယ်မြင်း(မြင်း-၇၀)၊ ကြောင်သင်းမြင်း(မြင်း-၅၀)၊ မြင်းသည်ကြီးမြင်း(မြင်း-၃၀)၊ ခက်လုံးမြင်း(မြင်း-၃၀)၊ စောပွတ်မြင်း(မြင်း-၃၀)၊ စုစုပေါင်း မြောက်ဘက်ကိုးစို့ မြင်းပေါင်း (၈၁၀)ကို ဖွဲ့ခဲ့သည်။ မြင်းရွာ(၉)ရွာမှ မြင်းတပ်ဖွဲ့(၉)တပ်သည် အသင်္ခယာစောယွမ်း၏ စစ်ရေးစစ်ရာတွင် အရေးပါခဲ့ပေလိမ့်မည်။ မြို့ကံကျွေး စေကျွန်ဟုခေါ်သည့် ထောင်သင်းအစုကို ဖွဲ့စည်းကာ မြို့ပြအုပ်ချုပ်ရေးကို စီမံခဲ့သည်ဟု ဆိုပါသည်။ ထောင်သင်းစုဆိုသည်မှာ လူအင်အားတစ်ထောင်ပါသည့် အသင်းအပင်း၊ အစုအဖွဲ့ကို ခေါ်ခြင်းဖြစ်သည်။

သမိုင်းကိုဆက်၍လေ့လာလျှင် အသင်္ခယာစောယွမ်းနှင့် ပတ္တမြားဓားအကြောင်းကို သွားတွေ့ရသည်။ ပင်လယ်တွင်မင်းပြုနေသည့် ငါးစီးရှင်ကျော်စွာက စစ်ကိုင်းတွင်နန်းစံနေသော အသင်္ခယာစောယွမ်းကိုလုပ်ကြံရန် ကျွန်တော် ငခင်ညိုကို စေလွှတ်လိုက်သည်။ စစ်ကိုင်းကို ငခင်ညိုရောက်တော့ မလုပ်မကြံသာဖြစ်၍ တောမှာ မစားရ၊ မသောက်ရဘဲ သုံးရက် ပုန်းအောင်းနေရသည်။ နန်းတွင်းသို့ ငခင်ညို ဝင်ရောက်နိုင်သောအခါ စစ်ကိုင်းမင်း အသင်္ခယာစောယွမ်းက ရွှေစလောင်းနှင့်ထမင်း၊ အမဲသားအပြည့်နှင့် မဟာဂီရိနတ်ကိုတင်ထားသောပွဲတော်ကို တွေ့လေသည်။ ဆာလောင်မွတ်သိပ်နေသော ငခင်ညိုသည် နတ်တင်ပွဲကို ယူစားသည်။ အိပ်ပျော်နေသော အသင်္ခယာစောယွမ်းကို သတ်မည်ကြံသောအခါ ထမင်းရှင်ဖြစ်သွားသည့် အသင်္ခယာစောယွမ်းကို မသတ်ရက်၊ မလုပ်ကြံရက်တော့ချေ။ အရှင်သခင် ငါးစီးရှင်ကျော်စွာအား စစ်ကိုင်းမင်းထံရောက်-မရောက် သက်သေပြနိုင်ရန် အသင်္ခယာစောယွမ်း၏ ပတ္တမြားဓားကို ယူခဲ့သည်။ ထိုပတ္တမြားဓားမှာ ခမည်းတော်တစ်စီးရှင်က အသင်္ခယာစောယွမ်းအား ပေးအပ်ထားသည့် ပတ္တမြားဓားဖြစ်သည်။

စိတ်ကူးထဲတွင် စစ်ကိုင်းမြို့တည်နန်းတည်မင်း၏ ပုံရိပ်လွှာကို မှန်းဆကြည့်မိသည်။ မြင်းကိုးသင်းအစုနှင့် ပတ္တမြားဓားကို ဝံ့ဆောင်ကာ စစ်ကိုင်းပြည်ကို တည်ထောင်ခဲ့သည့် နုပျိုချောမောကြံ့ခိုင်သော အသင်္ခယာစောယွမ်း၏ ရုပ်ပုံလွှာကို အာရုံထဲတွင် ထင်ဟပ်မြင်ယောင်လာမိသည်။

စစ်ကိုင်းမြို့ကြီးသည် လာမည့်နှစ် ၂၀၁၅ ခုနှစ်တွင် မြို့တည်နန်းတည်နှစ် ၇၀၀ တင်းတင်းပြည့်တော့မည်။ လူကဘဝသက်တမ်းတစ်ခုတွင် ကြုံခေါ်ကြုံခဲလှစွာသော နှစ် ၇၀၀ ပြည့်ပွဲတော်ကြီးကို ခြိမ့်ခြိမ့်သဲသဲကျင်းပနိုင်ရန် မြို့သူမြို့သားများကလည်း အားခဲစီစဉ်လျက်ရှိနေကြပြီ။ မကြာမီကာလတွင် စစ်ကိုင်းမြို့တည်နန်းတည်ပွဲတော်ကြီးနှင့်အတူ အသင်္ခယာစောယွမ်း၏ရုပ်တုကြီးလည်း စစ်ကိုင်းမြို့တွင် ခန့်ခန့်ထည်ထည် တွေ့မြင်နိုင်ကြပေတော့မည်ဟု ဂုဏ်ပြုကြိုဆို ရေးသားလိုက်ရပါသည်။

**ကိုးကား** –

- မှန်နန်းရာဇဝင်တော်ကြီး(ပထမတွဲ)။
- ဦးကုလားမဟာရာဇဝင်ကြီး(ပထမတွဲ)။
- ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ (စတုတ္ထတွဲ)။
- ရွှေပြည်-ဦးဘတင်၏ သာသနာလင်္ကာရဒီပနီ၊ စစ်ကိုင်းတောင်သမိုင်း။

ပေါ်ဖြူလွှာစတား Travel & Services ဗုဒ္ဓဂယာခရီးစဉ်

၁၄ညအိပ်၊၁၅ရက်ခရီးစဉ်များ

| | |
|---|---|
| အောက်တိုဘာ | - ၃၊ ၂၄ |
| နိုဝင်ဘာ | - ၁၄၊ ၂၈ |
| ဇန်နဝါရီ | - ၂၃ |
| ဖေဖော်ဝါရီ | - ၆၊ ၂၀ |
| မတ် | - ၆၊ ၂၀ |

သံဃကနိုယ(၄)ဌာန အဘိဓမ္မာ(၄)ဌာန နယူးဒေလီ - တာ့ချ်မဟာ ထိုင်းပါဝင်သွား } ၈.၅ သိန်း

ဩဂုတ်လကုန်အထိ စာရင်းပေးသွင်းသူများအား အထူးနှုန်း – ၈.၃သိန်း

လေယာဉ်လက်မှတ်ဗီဇာအသေချာမှုရှိစေရန် စရံငွေ(၁)သိန်းဖြင့်စာရင်းပေးသွင်းနိုင်ပါပြီ။

ရုံးချုပ်– အမှတ်(၅၄)၊ ပထမထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ။ Ph: 01 2301866, 09-5129134, 09-250154837

မောဓိထူး ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဗုဒ္ဓဂယာဘုရားဖူးမည်ဆိုပါက စိတ်စေတနာကောင်းများအရင်းခံတဲ့ ရင်မှာကြည်နူး "မောဓိထူး"နှင့် ဆက်သွယ်လိုက်ပါ

(၁၄)ညအိပ်(၁၅)ရက်ခရီး – ၉သိန်း၉သောင်း ၊ (၇)ညအိပ်(၈)ရက်ခရီး – ၈သိန်း

အောက်တိုဘာလမှစ၍ ခရီးစဉ်များ စတင်ပါမည် ။ လိုက်ပါလိုသူ မိတ်ဆွေများ စာရင်းပေးသွင်းနိုင်ပြီ

မြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည် နိုင်ငံကူးလက်မှတ်ရှိသူများအား (၃)သောင်းကျပ်လျှော့ပေးပါမည်။

အောက်တိုဘာလမှစ၍ ဧပြီလအထိ လစဉ်တိုင်း ခရီးစဉ်များရှိပါသည်။

ရန်ကုန်ရုံးချုပ် – အမှတ်(၂၆၄)၊ပန်းဆိုးတန်းလမ်း(ဂုံးတံတားအနီး)။ ဖုန်း–၀၁–၃၇၇၈၁၄။ ၀၁–၃၇၈၄၆၅ ။
မန္တလေးမြို့ – အမှတ်(၁၃၅)၊၈၅လမ်း၊၃၃× ၃၄လမ်းကြား၊ ဖုန်း–၀၂–၆၄၉၅၉ ၊ ၀၉–၄၃၁၁၅၅၉၈။

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ- ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ်- ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ်- ၂၀၁၃) နှင့် Certificate ရ

ဖျံ-၅-ကောင် အမှတ်တံဆိပ် သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ပါပြီ။

ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(စနယ်ငေး)ထ၂/၀၂၂

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)၊ ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။

အမှတ်-၁၂၄၊ ၄၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၀၁ ၃၉၂၅၉၄၊ ၀၉ ၄၂၁၀၀ ၇၈၆၉။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ပညာတန်ဆောင်လမ်း၊ အမှတ်(၁၆၅)၊ ပေ(၄၀×၆၀)ရှိ ဒေါ်စမ်းစမ်းဝေ(BI-၀၀၉၅၇၂) ဂရန်အမည်ပေါက်အား လက်ဝယ်ပိုင်ဆိုင်သူ ကျွန်ုပ်မိတ်ဆွေမှ ၎င်း၏အမည်ပေါက်ရရှိရန် ဆောင်ရွက်သွားမည်ဖြစ်၍ သက်ဆိုင်သူများရှိပါက (၇)ရက်တွင်း ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ကြေးမုံမြင့်(LL.B)အထက်တန်းရှေ့နေ(စဉ်-၃၆၀၃၉)၊ ၀၉-၄၂၀၂၂၀၉၀၂

## အမည်ပြောင်း

ဦးလှမောင်၏သမီး လယ်ဝေးမြို့နယ်၊ အေလာ အထက(၅) ဒသမတန်း(B)တွင် ပညာသင်ကြားနေသောမရွှေစင်လင်းလက်အား မဖြူဖြူလှိုင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။
မဖြူဖြူလှိုင်

## သွေးသည်အသက်

# ချင်းတိုင်းရင်းသားတို့၏အမှတ်တံဆိပ် အောက်ချင်းငှက်များ ချင်းတောင်ပေါ်တွင် ရှားပါးပျောက်ကွယ်

**ကလေး၊ ဩဂုတ် ၂၁**

ချင်းတိုင်းရင်းသားတို့၏ သစ္စာတရားကို အဓိပ္ပာယ်ဖော်ကျူးပြီး ချင်းပြည်နယ်တစ်ပြည်လုံး၏ အမှတ်တံဆိပ်အဖြစ် တန်ဖိုးထားသည့် အောက်ချင်းငှက်များမှာ ယခင်က ချင်းတောင်ပေါ်တွင် နေရာဒေသတိုင်း၌ အလွယ်တကူတွေ့မြင်နိုင်သော်လည်း ဒေသတွင်းရှိ ငှက်မုဆိုးတို့၏ မဆင်မခြင် သတ်ဖြတ်ဖမ်းဆီး ရောင်းဝယ်မှုကြောင့် ရှားပါးလာကြောင်း ဒေသခံများက ပြောသည်။

ထို့ပြင် ယင်းငှက်များမှာ ချင်းပြည်နယ်အတွင်း သစ်တောများပျက်စီးပြုန်းတီး ပျောက်ကွယ်လာမှုနှင့် ဒေသအလိုက် သဘာဝတောကောင်သားကောင်များ၊ သဘာဝသစ်တောများထိန်းသိမ်းမှု အားနည်းခြင်းများကြောင့် ချင်းတောင်ပေါ်တွင် အောက်ချင်းငှက်နှင့်တကွ ငှက်မျိုးစိတ်အများအပြား ပျောက်ကွယ်လာနေပြီဖြစ်ကြောင်း ယင်းဒေသခံများ၏ ပြောပြချက်အရ သိရသည်။

“ကျွန်တော်တို့ရွာဘက်မှာဆိုရင် လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကျော်ကာလတုန်းက အောက်ချင်းငှက်တွေလည်းပေါတယ်၊ ကျားသစ်ပေါက်တွေ၊ တောကြောင်တွေ၊ မျောက်လေပွေတွေ၊ မျောက်လွှဲကျော်တွေအစုံရှိတယ်။ အခုတော့ ပြောင်းရွှေ့တောင်ယာတွေကြောင့် သစ်တောတွေ ပျောက်ကွယ်လာနေပြီး ဒေသအလိုက် သေနတ်ကိုင်တောလိုက်မုဆိုးတွေကြောင့် တောကောင်သားကောင်တွေ မရှိသလောက်ရှားပါးလာနေပါပြီ” ဟု ဖလမ်းဒေသခံတစ်ဦးက ၎င်းအမြင်ကို ပြောပြသည်။

ချင်းပြည်နယ်၏အမှတ်တံဆိပ် အောက်ချင်းငှက်များကို ယခင်ဆယ်စုနှစ်ဝန်းကျင်ကအထိ ချင်းတောင်နှင့် ကလေးဒေသ သစ်တောဝါးတောများတွင် အနည်းအကျဉ်း တွေ့မြင်ရသေးသော်လည်း ယခုအခါ လုံးဝနည်းပါး ပျောက်ကွယ်နေပြီး အချိန်မီထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လျက်ရှိကြောင်း သဘာဝပတ်ဝန်းကျင် လေ့လာသူများက ပြောသည်။

ချင်းတောင်ဒေသတွင် ပျောက်ကွယ်လုဖြစ်နေသော တောကောင်သားကောင်များမှာ ဒေါင်းငှက်၊ အောက်ချင်းငှက်၊ မျောက်လွှဲကျော်၊ မျောက်လေပွေတို့ဖြစ်ကြောင်း ကလေးဒေသ အစိမ်းရောင်လွင်ပြင်အဖွဲ့မှ ဦးဝင်းက ပြောသည်။

“ကလေးနဲ့ ချင်းတောင်ဒေသမှာ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကျော်ကာလက ကျားတွေ၊ ဆင်တွေအထိရှိတယ်။ မော်လိုက်ယူးချောင်းထဲမှာ တောရိုင်းဆင်တွေ တွေ့နိုင်တယ်။ ကလေးဒေသ ဘုန်းသစ်တော၊ ထန်တောင်တောတွေမှာ လင်းရှူးတို့ ကျားတို့ရှိတယ်။ အခုတော့ အားလုံးပျောက်ကွယ်သွားပြီ”ဟု ကလေးဒေသခံတစ်ဦးက ပြောသည်။

**လင်းလက်ကြယ်စင်**

# ကသာခရိုင်၊ ထီးချိုင့်တွင် မိုးခေါင်မှုကြောင့် လယ်သမားများ အခက်တွေ့

**ကသာ၊ ဩဂုတ် ၂၁**

ကသာခရိုင်၊ ထီးချိုင့်မြို့နယ်အတွင်းရှိ ကျေးရွာတချို့တွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် လယ်သမားများမှာ စိုက်ပျိုးရန် အခက်အခဲဖြစ်နေကြောင်း သိရသည်။



တောင်သူလယ်သမားများ၏ အခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ကသာခရိုင်တာဝန်ခံ၊ တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးကိုလေး၊ ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း၊ ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များပါဝင်သောအဖွဲ့သည် ဩဂုတ် ၁၇ ရက်က စိုက်ပျိုးရေမရသောကြောင့် လယ်မစိုက်ပျိုးနိုင်သော ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထီးချိုင့်မြို့နယ် အလယ်တောကျေးရွာတွင် စိုက်ပျိုးနိုင်သောလယ် ဧက ၂၈၂၉ဧကတွင် ၁၃၁၀ ဧက စိုက်ပျိုးပြီး ၁၅၁၉ ဧက မစိုက်နိုင်ခြင်း၊ ကွင်းကြီးကျေးရွာတွင်လယ်ဧက ၃၀၀၀ စိုက်နိုင်သည့် လယ်ယာများတွင် ဧက ၁၀၀၀ သာ စိုက်ပျိုးနိုင်ပြီး ဧက ၂၀၀၀မှာမစိုက်နိုင်ခြင်း၊တည်တောကျေးရွာတွင် စိုက်ဧက ၂၀၀၀ ကျော်ရှိရာတွင် ဧက ၉၀၀ သာစိုက်နိုင်ပြီး မစိုက်နိုင်သောဧက ၁၀၀၀ ကျော်ကျန်ရှိခြင်းတို့ကို စစ်ဆေးတွေ့ရှိခဲ့သည်။

ထီးချိုင့်မြို့နယ်တွင်းရှိတောင်သူများ စိုက်ပျိုးရေ ရရှိရေးနှင့်အခြား အခက်အခဲ တင်ပြချက်များအပေါ် ပံ့ပိုးကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရသိရသည်။ **အေးလွင်(ကသာ)**

# တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) နှင့်ပတ်သက်၍ ထပ်ဆင့်ရှင်းလင်း

**စစ်ကိုင်း၊ ဩဂုတ် ၂၁**

နိုင်ငံတော်၏ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave)နှင့်ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို စစ်ကိုင်းခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ နေပြည်တော်(ရုံးချုပ်) ညွှန်ကြားရေးမှူးချုပ် ဦးတိုးအောင်မြင့်တို့၏ လမ်းညွှန်မှုအရ တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးအောင်မောင်းက ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျောက်စိမ်းအချောထည်၊ ရက်ကန်း၊ ဂီတာ၊ ငွေထည်၊ ကြိမ်၊ ဆီစက်၊ ဆန်စက်၊ ကုန်ထုတ်လုပ်ငန်းအသင်းများမှ ၃၈ ဦး၊ ခရိုင်ဝန်ထမ်း ၁၃ ဦး၊ စုစုပေါင်း ၅၁ ဦး တက်ရောက်ကြပြီး နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုနှင့်အတူ (Third Wave) လုပ်ငန်းစဉ်များကို ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်ဆိုင်ရာများကို ကုန်ထုတ်လုပ်ငန်းအသင်းအဖွဲ့အသီးသီးသို့ အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇော်မြင့်နိုင်**

# ရွှေဘိုမြို့ မူလတန်းကြိုကျောင်း ပန်းချီပြိုင်ပွဲကျင်းပ

**ရွှေဘို၊ ဩဂုတ် ၂၁**

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ရွှေဘိုမူလတန်းကြိုကျောင်းတွင် ကျောင်းသားလူငယ်များ ပန်းချီပြိုင်ပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာထူးနှင့် ဆရာ၊ ဆရာမများ၊ မိဘဆရာအသင်းအဖွဲ့ဝင်များက ကြီးကြပ်ပေးပြီး ပြိုင်ပွဲတွင် ကျောင်းသူ၊ ကျောင်းသား ၆၆ ဦး ယှဉ်ပြိုင်ရေးဆွဲကြပြီး ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်နှစ်ဆု ရွေးချယ်ကာ ပြိုင်ပွဲဝင်ကလေးအားလုံးကိုလည်း ဆုပေးမည်ဖြစ်သည်။

ရွှေဘိုမူလတန်းကြိုကျောင်းတွင် အသက်သုံးနှစ်မှ ငါးနှစ်အတွင်း ဌာနမှချမှတ်ပေးထားသော အချိန်ဇယားအတိုင်း လက်ခံသင်ကြားပေးလျက်ရှိပြီး၊ အဆို၊ အက၊ ကစားနည်း၊ လက်မှုပန်းချီ၊ သဲကန်၊ ရေကန်၊ ချင့်ဗူး၊ တီထွင်ဖန်တီးကစားရန် သင်ထောက်ကူပစ္စည်းတို့ဖြင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **(၅၇၂)**

# မီးသတ်စခန်းနှင့်ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်

**မြင်းမူ၊ ဩဂုတ် ၂၁**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေ ကျပ်သိန်း ၅၁၁၁ ဖြင့် မြင်းမူမြို့နယ်မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်များ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ မြို့နယ်မီးသတ်စခန်း အဆောက်အအုံသစ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေကျပ် သိန်း ၁၅၁၁ ဖြင့် အလျား ၆၅ ပေ၊ အနံ ၅၂ ပေ၊ အမြင့် ၂၅ ပေရှိငါးယူနစ် သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ခြင်းဖြစ်ပြီး ၂၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ထို့ပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေကျပ်သိန်း ၁၈၀၀ စီဖြင့် အလျား ၁၀၀ ပေ၊ အနံ ၄၀ ပေ၊ အမြင့် ၂၂ ပေစီရှိလေးခန်းတွဲ သံကူကွန်ကရစ် နှစ်ထပ် ဝန်ထမ်းအိမ်ရာ အဆောက်အအုံနှစ်လုံးကိုလည်း ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ မြို့နယ်မီးသတ်စခန်း အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကို ကျော်စွာဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ **ဖိုးခါး**

**တိုးတိုးရတနာ Travels & Tours Co.,Ltd (ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့)**

ခရီးလမ်းပင်ပန်းမည်ကိုစိုးရိမ်ကြသူများ၊ ရက်ရှည်အချိန်မပေးနိုင်သူများ၊ဘုရားအဆူဆူဖူးမြော်ရာ ဗောဓိပင်နှင့်ရွှေပလ္လင်သို့ သာသီးသန့် သွားပြီးကုသိုလ်ယူလိုများအတွက် နာလန္ဒာ၊ ရာဇဂြိုဟ် အပါအဝင် ၃ ညအိပ် ၄ ရက်နှင့်လပြည့်နေ့ အထူးခရီးစဉ်များကို ကြိုတင်စာရင်းပေးသွင်းနိုင်ရန် မိတ်ဟောင်းမိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။

**လစဉ်ထွက်ခွါမည့်ရက်များ**

၈.၁၀.၂၀၁၄ (သီတင်းကျွတ်လပြည့်နေ့)၊ ၅.၁၁.၂၀၁၄ (တန်ဆောင်မုန်းလပြည့်နေ့)၊
၂၄.၁၂.၂၀၁၄၊ ၁၄.၀၁.၂၀၁၅၊ ၁၈.၀၂.၂၀၁၅၊ ၂၅.၀၃.၂၀၁၄၊ ၁.၄.၂၀၁၄၊ ၁၁.၀၄.၂၀၁၄

✱ ဗုဒ္ဓဂယာ+နာလန္ဒာ+ရာဇဂြိုဟ် (၄ရက်) ၆ သိန်း ✱ ဖွား+ပွင့်+ဟော+စံ (၈ရက်) ၈ သိန်း
✱ (ဖွား+ပွင့်+ဟော+စံ)+နယူးဒေလီ+ တာ့(ဂျ်)မဟာ ၁၅ရက် ၁၀ သိန်း

☎ 01-503925 | 01-527539 | 09-5058894 | Hot Line - 09 421027657

**ဇာ့ နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဇာ့**

၃၀-၈-၂၀၁၄ (၆)ညအိပ်(၇)ရက်ခရီး - သီရိလင်္ကာ(စွယ်တော်ဖွင့်ပွဲ) + ဘန်ကောက် (မြဘုရား) စရိတ်ငြိမ်း (၁၂.၅)သိန်း။
(၁၂)ရက်ခရီး- သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ)+(အိန္ဒိယ+နီပေါ) (၉)သိန်း -စရိတ်ငြိမ်း
(၁၅)ရက်ခရီး- သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ နယူးဒေလီ+တပ်ခ်ျမဟာ +(အိန္ဒိယ+နီပေါ) (၁၀)သိန်း -စရိတ်ငြိမ်း

**နီလာဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ ၂၀၁၄-၂၀၁၅ နှစ်အတွက် အထူးဝန်ဆောင်မှုအစီအစဉ်သစ်**

- ဗုဒ္ဓဂယာတွင် မဟာဗောဓိစေတီ နှင့် [၂-မိနစ်ခန့်လမ်းလျှောက်လျှင်ရောက်သော] အနီးကပ်ဆုံး ဓါတ်လှေကား ပါဝင်သော ဟိုတယ်၌ တည်းခိုပြီး၊ နယူးဒေလီနှင့် အာဂရာတွင် 4 Star အဆင့်ရှိ ဟိုတယ်တွင် တည်းခိုပါမည်။
- ညမောင်းခရီးစဉ် လုံးဝမရှိပါ။ ခရီးစဉ်တိုင်း လေယာဉ်ပေါ်တွင် အဖွဲ့ခေါင်းဆောင် တစ်ဦးပါဝင်ပါမည်။
- ဘုရားဖူးလိုက်ပါသူတိုင်း India GSM Sim Card တစ်ကဒ် လက်ဆောင်ပေးပါမည်။
- မဟာဗောဓိစေတီတွင် မြတ်ဗုဒ္ဓအားရည်မှန်း၍ ယာနာနိဒ္ဒွမ်း ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားရှိပါသည်။

**ဗုဒ္ဓဂယာခရီးစဉ်တွင် (၉)ဦး စုစည်းလိုက်ပါလျှင် တစ်ဦးအခမဲ့ ပို့ဆောင်ပေးပါမည်။**

ခရီးစဉ်အသေးစိတ်သိရှိလိုပါကနီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့်(DVD)ခွေများကို အခမဲ့လာရောက်ယူနိုင်ပါသည်။
အမှတ်-၂၇၆/၂၇၈ (မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း၊ (ခုံးကျော်တံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉

**CNG TAXI**

**ရောင်းမည်**

Toyota Corolla 1997 Model Salon, CNG TAXI ပိုင်ရှင်အမည်ပေါက် ရောင်းမည်။
Ph:09-5174219

**အမည်ပြောင်း**

အမှ ဦးညီညီလွင်၏သမီး အထက(၃) ဗိုလ်တထောင်၊ သတ္တမတန်း(င)တွင် ပညာသင်ကြားနေသော မအေးမြစန္ဒာအား ယနေ့မှစ၍ မအိမ့်မှူးချယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**အိမ့်မှူးချယ်**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၇/၆၃၈၈ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**ပန်းစကား**

မရမ်းကုန်း မုဒိတာ(၁)နှင့် အင်းစိန် မုဒိတာ(၂)အိမ်ရာမှ တိုက်ခန်းများ ဝယ်လို၊ ရောင်းလို၊ ငှားရမ်းလိုပါက ဆက်သွယ်နိုင်ပါသည်။
မီးဖိုခုံ၊ ကြွေပြား၊ သံပန်း၊ သံတံခါးပြုလုပ်တပ်ဆင်ပေးသည်။
Ph:09-250448339, 09-250007561

ဆောင်းပါး

# ကျောက်ခေတ်လူသားမြန်မာများ နေထိုင်ခဲ့ရာ ပြဒါးလင်းဂူ

**à armifb(a&S[ mifbkwoe)**

မြန်မာနိုင်ငံမှ ထင်ရှားသော ပျူမြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ သရေခေတ္တရာနှင့် ဗိဿနိုးမြို့များအား ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စ်ကိုအဖွဲ့က ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အဖြစ် ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်က သတ်မှတ်ကြေညာခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပျူမြို့ဟောင်းသုံးမြို့အပြင် ပြဒါးလင်းဂူ၊ မြောက်ဦး၊ မင်းကွန်း၊ မန္တလေး၊ အင်းဝ၊ ဟံသာဝတီနှင့် အင်းလေးကန်ဟူသည့် ရှေးဟောင်းနယ်မြေဒေသရှစ်ခုကိုပါ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၄ ရက်နေ့တွင် အဆိုပြုအမွေအနှစ်အဖြစ် ယူနက်စ်ကိုအဖွဲ့သို့ တင်သွင်းထားပြီးဖြစ်ပါသည်။

ယင်းတို့အနက် မြန်မာနိုင်ငံတွင် ရှေးဦးကျောက်ခေတ်လူသားများနေထိုင်ခဲ့ရာ ပြဒါးလင်းဂူအား ရှေးဟောင်းသုတေသနပညာရှင်များ၊ မနုဿဗေဒ ပညာရှင်များ၊ ဘူမိဗေဒပညာရှင်များ၏ လေ့လာဖော်ထုတ်ခဲ့မှုများကြောင့် မြန်မာတို့၏ကျောက်ခေတ် လူနေမှုဘဝပုံရိပ် တစ်စိတ်တစ်ပိုင်းကို သိမြင်နိုင်ခဲ့ကြပေသည်။

ပြဒါးလင်းဂူသည် ကျောက်ခေတ်သစ် (Neolighic) ကာလတွင် မြန်မာနိုင်ငံတွင် ကျောက်ခေတ်လူသားများ နေထိုင်ခဲ့သည့်ဂူအဖြစ် ထင်ရှားသောနေရာတစ်ခု ဖြစ်ပါသည်။

ပြဒါးလင်းဂူသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ ရွာငံမြို့၏အနောက်ဘက်ယွန်းယွန်း ၁၀ မိုင်ခန့်အကွာတွင် တည်ရှိသည်။ ညောင်ချပ်ရွာမှ အရှေ့မြောက်ဘက်သို့ သုံးမိုင်ခန့်ကွာဝေးပြီး ရေဘုတ်ရွာဟောင်း၏ အနောက်တစ်မိုင်ကျော်တွင် တည်ရှိသည်။

လိုဏ်ဂူတည်နေရာမှာ အရှေ့ဘက် လေးဖာလုံခန့်တွင် ရေဘုတ်ရွာပျက်၊ အနောက်တည့်တည့် နှစ်မိုင်လေးဖာလုံခန့်တွင် ပန်းလောင်ချောင်း၊ အနောက်တောင်ဘက် သုံးမိုင်ကျော်တွင် တောင်ပုံရွာနှင့် အနောက်မြောက်ယွန်းယွန်းတွင် နေရောင်ကာရွာတို့ ရှိနေကြပါသည်။

လိုဏ်ဂူတည်ရှိရာနေရာသည် အနည်းငယ်ပြေပြစ်သော တောင်ကုန်းဆင်ခြေလျှောဒေသဖြစ်ပြီး ပတ်ပတ်လည်တွင် တောင်ကုန်းများထူထပ်၍ အချို့နေရာများတွင် မြင့်မားမတ်စောက်သော တောင်ကုန်း တောင်တန်းများ ဝန်းရံထားပါသည်။ ဂူ၏တောင်ဘက်တွင် ၁၆၀၇ ပေမြင့်သော ရွှေတောင်ရှိပြီး အရှေ့ဘက်တစ်မိုင်မှ အစပြု၍ ၄၆၈၆ ပေမြင့်သော နွားလည်ဘို့တောင်တန်းကြီးသည် အရှေ့တောင်ဘက်သို့ သွယ်တန်းလျက် ရှိနေပေသည်။

ပြဒါးလင်းလိုဏ်ဂူကို ၁၉၆၀ ပြည့်နှစ်က ဘူမိဗေဒပညာရှင်တစ်ဦးဖြစ်သော ဦးခင်မောင်ကျော်က စတင်တွေ့ရှိခဲ့ပြီး ၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်တွင် ထိုစဉ်က ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်ကြီး ဦးအောင်သော် ခေါင်းဆောင်သော ရန်ကုန်တက္ကသိုလ်မှ မနုဿဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒဌာနများနှင့် မြန်မာ့သမိုင်းကော်မရှင်မှ ပညာရှင်များပါဝင်သော အဖွဲ့က စနစ်တကျရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။

ပြဒါးလင်းဂူသည် ပင်လယ်ရေမျက်နှာပြင် အထက် ၁၀၅၀ ပေအမြင့်တွင်တည်ရှိကာ ဂူပေါက်များသည် မြေပြင်မှ ပေ ၅၀ မှ ပေ ၇၀ အထိမြင့်သော တောင်ကမ်းပါးယံတွင် တောင်ဘက်သို့ မျက်နှာမူနေကြပါသည်။ ပြဒါးလင်းဂူသည် အနောက်ဘက်ဂူနှင့် အရှေ့ဘက်ဂူဟူ၍ နှစ်ဂူရှိပြီး ထုံးကျောက်ဂူများဖြစ်ကြကာ အနောက်ဘက်လိုဏ်ဂူ

> ကျောက်လက်နက်များပြုလုပ်ရန် ကျောက်များကို ဖွဲ့ထုတ်ရာမှ ပေါ်ထွက်လာသည့် ကျောက်အပိုင်း . . .

အတွင်းဝယ် ကျောက်စက်ပန်းဆွဲနှင့် ကျောက်စက်မိုးမျှော်များရှိနေသည်။ ယင်းနောက်ဘက်လိုဏ်ဂူသည် တစ်ခုတည်းမဟုတ်ဘဲ ကျယ်ဝန်းသောဂူကြီးကိုးခုသည် စီတန်းနေလျက် တစ်ခုနှင့်တစ်ခု ကျဉ်းမြောင်းသောဂူငယ်များဖြင့် ဆက်နေသည်။ အနောက်ဘက်ဂူသည်ပေ ၈၀၀ ခန့်ရှည်လျားပြီး ဂူတစ်လျှောက်တွင် မှောင်မိုက်၍ စွတ်စိုနေသည့်အတွက် လူနေထိုင်ခဲ့သည့် အထောက်အထားများကို မတွေ့ရှိခဲ့ရပါချေ။

အရှေ့ဘက်ဂူမှာ အနောက်ဘက်ဂူမှ ကိုက် ၂၀၀ ခန့်သာ ကွာဝေးပြီးအလင်းရောင်နှင့် လေကောင်းလေသန့် ကောင်းစွာရရှိပြီး အလယ်တွင်ဂူနံရံမှာ ရှေ့သို့စွန်းထွက်နေသဖြင့် နှစ်ပိုင်းကန့်ထားသကဲ့သို့ ဖြစ်နေသည်။ ယင်းအရှေ့ဘက်ဂူ၏ နံရံပေါ်တွင် ဂူကြမ်းပြင်မှ ၁၀ ပေ၊ ၁၂ ပေခန့်အမြင့်တွင် နီညိုရောင်ရေးဆွဲထားသော ပန်းချီရုပ်ပုံ ၁၂ ပုံကို တွေ့မြင်နိုင်ပေသည်။ လက်ဝါးပုံနှစ်ခု၊ နေပုံတစ်ခုနှင့် တိရစ္ဆာန်ပုံများကို ရေးဆွဲထားခြင်းဖြစ်သည်။ ဂူအတွင်းမှ ကျောက်လက်နက်များ၊ မီးသွေးစများ၊ တိရစ္ဆာန်အရိုးစများ၊ အိုးစအိုးနများအပါအဝင် ပစ္စည်းပေါင်း ၁၆၀၀ ကျော် တူးဖော်ရရှိခဲ့သည်။ ဂူအလယ်မှတွေ့ရှိခဲ့သော အရိုးစများကို နယူးဇီလန်တက္ကသိုလ်တွင် ကာဗွန်ဓာတ်ခွဲနည်းဖြင့် သက်တမ်းတွက်ချက်ကြည့်ရာတွင် လွန်ခဲ့သောနှစ်ပေါင်း ၁၂၀၀၀ ခန့်ကဟု အဖြေရရှိခဲ့သည်။ ဂူအလယ်တွင်ရှိနေသော ပြာပုံသည် ၄ ပေခန့်မျှ အနက်ရှိသည်ဖြစ်ရာ လူတို့ ပြဒါးလင်းဂူအတွင်းစဉ်ဆက်မပြတ် နေထိုင်ခဲ့ကြောင်းပြသသည့် ခိုင်မာသော အထောက်အထားတစ်ရပ်ပင်ဖြစ်ပေသည်။ ပြဒါးလင်းဂူ ကျောက်ခေတ်ယဉ်ကျေးမှုသည် လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀၀ မှ ၄၀၀၀၀ အတွင်းဖြစ်သည်ဟု သိရှိရပေသည်။

မြန်မာနိုင်ငံတွင် ကျောက်လက်နက်၊ ကျောက်ခေတ်အသုံးအဆောင်များ ရှိခဲ့သော်လည်း မိုးကြိုးသွားဟုယူဆကာ သိမ်းဆည်းရောင်းဝယ်မှုများကြောင့် ယခုအချိန်တွင် အလွန်ရှားပါးသွားခဲ့ပြီ ဖြစ်ပါသည်။ အချို့ကလည်း သေနတ်ပြီးသည်ဟု ယူဆကြကာ ရောင်းဝယ်မှုများပြုလုပ်ကြကြောင်း သိရှိကြရပေသည်။ အမှန်စင်စစ်မှာမူ လူအများက မိုးကြိုးသွားဟုယူဆကြသည့် ပစ္စည်းအများစုတို့သည် မြန်မာ့သမိုင်းခေတ်ဦးအစတွင် ကျောက်ခေတ်လူသားများ ပြုလုပ်သုံးစွဲခဲ့ကြသော ကျောက်လက်နက်များသာ ဖြစ်ပေသည်။

ပြဒါးလင်းဂူတွင် တွေ့ရှိခဲ့ရသော ခုတ်စင်း၊ ခုတ်ဖြတ်ကိရိယာ(Chopper)၊ ကျောက်ခြစ်(Scraper)၊ ကျောက်ပဲခွပ် (Hand Adze)၊ ကျောက်ကွင်း(Stone Ring) များသည် ကျောက်တုံးကိုထုဖွဲ့ကာ ပြုလုပ်ထားသော ကျောက်ကြမ်းလက်နက်နှင့် အသုံးအဆောင်များဖြစ်ကြပြီး ကုန်ကြမ်းပစ္စည်းအဖြစ် အသုံးပြုခဲ့သည့် ကျောက်စရစ်လုံး (Pebble) များကိုလည်း တွေ့ရှိခဲ့ရသည်။ ယင်းတို့ကို ပြဒါးလင်းဂူအတွင်းမှာပင် ပြုလုပ်ခဲ့သည့်အထောက်အထားများကို တွေ့ခဲ့ကြရပေသည်။

ပြဒါးလင်းဂူ နံရံပြင်တစ်လျှောက်တွင် ကျောက်လက်နက်များပြုလုပ်ရန် ကျောက်များကို ဖွဲ့ထုတ်ရာမှ ပေါ်ထွက်လာသည့် ကျောက်အပိုင်းအစများကို အမြောက်အမြား တွေ့ခဲ့ရပေသည်။ ဂူအတွင်းတွင် ပြုလုပ်ခဲ့ကြသော ကျောက်လက်နက်များဖြင့် ဂူအပြင်တွင်အမဲလိုက်ခြင်း၊ သစ်ပင်ခုတ်ခြင်း၊ ဖမ်းမိသောသားကောင်များ၏ အရေခွံကိုခွာခြင်း စသည်များကို ပြုလုပ်ခဲ့ကြသည်ဟု ပညာရှင်တို့ ယူဆခဲ့ကြပါသည်။

ပြဒါးလင်းဂူကို ကျောက်ခေတ်သစ် (Neolighic) ကာလဟု သတ်မှတ်ကြသော်လည်း ပြဒါးလင်းဒေသမှပင် ကျောက်ခေတ်ဟောင်းလက်နက်ကိရိယာများဖြစ်သည့် ခုတ်စင်း၊ ခုတ်ဖြတ်ကိရိယာများကို တွေ့ရှိရသကဲ့သို့ ကျောက်ခေတ်သစ်လက်ရာများဖြစ်သည့် အမင်းပါသောပဲခွပ်အကြမ်းတစ်ခုကိုလည်း တွေ့ရှိခဲ့ရသဖြင့် ကျောက်ခေတ်ဟောင်းမှသည် ကျောက်ခေတ်သစ်အထိ လူများ ဆက်လက်နေထိုင်ခဲ့ကြသည်ဟု ယူဆနိုင်ပေသည်။

မြန်မာတို့၏ ကျောက်ခေတ်ကာလ ယဉ်ကျေးမှုနေရာဖြစ်သည့် ပြဒါးလင်းဂူဒေသသည်လည်း ပျူမြို့ဟောင်းများနည်းတူ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သင့်သည့် မြန်မာတို့၏ သမိုင်းဦးရှေးဟောင်းဒေသတစ်ခုပင် ဖြစ်ပေသည်။

ပြဒါလင်းဂူသို့ ရောက်ရှိနိုင်ရန်အတွက် မန္တလေးမှ ကူမဲသို့ နှစ်နာရီကျော်ကျော် ကားစီးပြီးနောက် ကင်းတားဆည်သို့ နာရီဝက်ခန့် သွားရပါသည်။ ကင်းတားဆည်ကို လှေဖြင့် ၁၅ မိနစ်မျှဖြတ်သန်းပြီး လိုဏ်ဂူရှိရာ တောင်မြင့်ဆီသို့ တစ်နာရီနီးပါးမျှ လမ်းလျှောက်ကြရမည် ဖြစ်ပါသည်။ ပြဒါးလင်းဂူသို့ရောက်လျှင်ကား ရင်သပ်ရှုမောဖွယ် မြန်မာ့ကျောက်ခေတ်လူသားတို့၏ ပန်းချီများကို မြင်တွေ့ကြရမည်ဖြစ်ပေသည်။

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**ရေး၊ ဩဂုတ် ၂၁**

မွန်ပြည်နယ်၊ ရေးမြို့နယ်တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက အမှတ်(၁) အ. ထ. က ၌ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါအခမ်းအနားသို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး ဦးအောင်လင်းက လမ်းအသုံးပြုသူများလိုက်နာရန် စည်းကမ်းများနှင့် အခြားသိသင့်သိထိုက်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ရှင်းလင်းဟောပြောသည်။

ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပညာပေးလက်ကမ်းစာစောင်များဝေငှ၍ ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဗီနိုင်းကားချပ်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းတင့်အား ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

ခင်နန္ဒာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ (၂၀၁၄-၂၀၁၅ ပြောင်းလဲမှုမရှိသော ခရီးစဉ်ရက်စွဲများ)
၁၂ ရက် - ၉ သိန်း
၁၅ ရက် - ၁၀ သိန်း (စရိတ်ငြိမ်း)
- နိုဝင်ဘာ ၃ (၆လို)၊ ၁၇ ။ ဒီဇင်ဘာ ၁ (ပဌာန်းပွဲဖွင့်ပွဲ)၊ ၁၅ ။ ဇန်နဝါရီ ၂၆ ။ ဖေဖော်ဝါရီ ၉၊ ၂၃ ။ မတ် ၉၊ ၂၃ ။ ဧပြီ ၆ ။
- အောက်တိုဘာ ၃ (ပြည့်)၊ ၁၇ (ပြည့်)၊ ၃၀ (၁လို) ။ နိုဝင်ဘာ ၇ (၁၈လို)၊ ၁၄ (ပြည့်)၊ ၂၁ (ပဌာန်းပွဲဖွင့်ပွဲ)(၂၀လို)၊ ၂၈ (ပဌာန်းပွဲ) ။ ဒီဇင်ဘာ ၅ (ပဌာန်းပွဲ ပိတ်ပွဲ)၊ ၁၂ ။ ဇန်နဝါရီ ၉၊ ၃၀ ။ ဖေဖော်ဝါရီလ ၆၊ ၁၃၊ ၂၀၊ ၂၇ ။ မတ် ၆၊ ၁၃၊ ၂၇ ။ ဧပြီ ၃၊ ၁၀ (သင်္ကြန်ပိတ်ရက်)
စရန်ငွေချေ/ဦးရာလူစနစ်
Air Bus A 320 လေယာဉ်ကြီးဖြင့်သာ
သံရုံးသို့ လိုက်ရန်မလို
ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန် ။ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃၊ ၀၉-၅၆၀၀၄၄၄

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ မြေကွက် အမှတ်(၁၂၄၂/ခ)၊ (သောင်ကြီးမြောက်-၁၃)၊ မြေအကျယ်ပေ(၂၀×၆၀)နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံတို့ကို အမည်ပေါက် မြေချပါမစ်ဖြင့် လက်ရှိ ပိုင်ဆိုင်သူ ဦးမြသောင်း(TTB-006593)ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးသန်းဝင်း[၁၄/မမန (နိုင်)၁၁၂၉၄၄]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက အထောက်အထား မူရင်းစာရွက်စာတမ်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်သိန်း(စဉ်-၂၂၀၁၉) (အထက်တန်းရှေ့နေ)
တိုက်-၂၊ အခန်း(၁၀၁)၊ ဗိုလ်အောင်ကျော်အိမ်ရာ
(၇)ရပ်ကွက်၊ လှိုင်ယာသာမြို့နယ်၊ ဖုန်း-၀၉-၅၁၈၆၇၉၈

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၂) မြေကွက်အမှတ် (၁၁၀၃)၊ မြေအကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ဒုအရာခံဗိုလ်မြင့်သိန်း DKU- ၀၀၀၆၅၄ အမည်ပေါက် ပါမစ်မြေကို အမည်ပေါက်ထံမှ အဆင့်ဆင့် ဝယ်ယူထားခဲ့ကြပြီး ယခု ဒေါ်ရင်ကျွေကြူ ၁၃/တနန(နိုင်)၀၁၃၆၁၀ က ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ခံရောင်းချ၍ ကျွန်မ ဒေါ်မြမြနိုင်မှ ဝယ်ယူရန် စရန်ငွေပေးထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပတ်သက်၍ ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ ကျွန်မထံ အရောင်းအဝယ်ကိစ္စလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒေါ်မြမြနိုင် ၁၂/စခန(နိုင်) ၀၂၀၃၀၂
ဖုန်း:- ၀၉-၅၀၆၃၈၄၂၊ ၀၉-၅၀၃၁၄၅၆။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၇)၊ မြေကွက်အမှတ်(၅၂၅)၊ မြို့မြေစာရင်းတွင် ဦးညွန့်ဝေ အမည်ပေါက်လျက်ရှိသော ပေ(၄၀×၆၀)ပါမစ်မြေကွက်ကို စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးငွေနိခွဲ [၅/ကလထ(နိုင်)၀၅၅၅၁၆]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်ကြောင်း အထောက်အထားစာရွက်စာတမ်းမူရင်းများ ယူဆောင်ပြသလျက် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နီလာ
တိုက်(၇)၊ အခန်း(၉)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၅၇၂၃၇၂၃

## မွန်ပြည်နယ်တွင် ပထမဦးဆုံးအဖြစ် အဖွဲ့အစည်း ခေါင်းဆောင်မှုသင်တန်း ဖွင့်လှစ်

**မော်လမြိုင်၊ ဩဂုတ် ၂၁**

မြန်မာ့သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အချင်းပြည့်မီသော ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာရေးကို ရည်ရွယ်၍ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA) နှင့် နိုင်ငံတကာ ဂျာနယ်လစ်များအဖွဲ့ချုပ် (IFJ) တို့ ပူးပေါင်းကာ အဖွဲ့အစည်းခေါင်းဆောင်မှုသင်တန်း (Union Leadership Training) သင်တန်းကို ပထမဦးဆုံးအကြိမ်အဖြစ် မော်လမြိုင်မြို့ ကောင်းမြတ်ဟိုတယ်ရှိ သီရိမင်္ဂလာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

"အခုလို ကြိုတောင့်ကြိုခဲလှတဲ့ သင်တန်းမျိုးဟာ ကျွန်တော်တို့ ဂျာနယ်သမားတွေအတွက် အခွင့်အရေးကောင်းတစ်ရပ်မို့ လက်လွှတ်မခံဘဲ လာတက်တာပါ" ဟု ရေးမြို့နယ်မှ သတင်းထောက်တစ်ဦးက ပြောသည်။

ယင်းသင်တန်းကို မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို)မှ အတွင်းရေးမှူး(၂) ဦးကျော်စွာမင်း ဦးဆောင်၍ သင်တန်းဆရာ ဦးစိုးထွဋ်နှင့် ဦးဟိန်းကိုစိုးတို့မှ ပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဩဂုတ် ၁၉ ရက်မှ ၂၀ ရက်အထိ နှစ်ရက်တိတိ သင်ကြားခဲ့ကြောင်း သိရသည်။မြန်မာနိုင်ငံသတင်းစာဆရာအသင်း (မွန်ပြည်နယ်)၊ မြန်မာနိုင်ငံတောင်ပိုင်း ဂျာနယ်လစ်ကွန်ရက်၊ မွန်ပြည်နယ်မီဒီယာအဖွဲ့နှင့် ပြည်နယ် ပြန်/ဆက်ဦးစီးဌာနတို့မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ကြသည်။ **ဆက်နေမင်းအောင်**

## ကလေးမြို့နယ်အတွင်းရှိ ပိန်းရိုးအင်းရေနုတ်မြောင်း ဖောက်လုပ်ခြင်းကြောင့် ပြည်သူများအဆင်ပြေ

**ကလေး၊ ဩဂုတ် ၂၁**

ပိန်းရိုးအင်းသည် ကလေးမြို့နယ်တောင်ပိုင်း နတ်မြောင်းကျေးရွာအုပ်စု အင်းစိန်ကျေးရွာအနီးတွင် တည်ရှိလျက် အင်းအကျယ် သုံးမိုင်ပတ်လည်ရှိပြီး အင်းသက်တမ်းနှစ်ပေါင်း ၁၀၀ ကျော်ရှိကာ နတ်မြောင်းကျေးရွာထက် သက်တမ်းပိုကြီးကြောင်း သိရသည်။

ပိန်းရိုးအင်းကြောင့် လယ်ယာမြေဧက ၁၂၀ ကျော်အား မည်သည့်သီးနှံမျှ စိုက်ပျိုး၍မရသည့်အပြင် အင်းစိန်ကျေးရွာမှ ကျောင်းသား၊ ကျောင်းသူများသည်လည်း အဆိုပါအင်းကိုဖြတ်ပြီး နတ်မြောင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲသို့ ပင်ပန်းခက်ခဲစွာ ကျောင်းတက်ကြရသည်။

ပိန်းရိုးအင်းအား ၁၉၆၄ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ လူအင်အားဖြင့် ရေနုတ်မြောင်း တူးဖော်ဆောင်ရွက်သော်လည်း အောင်မြင်မှုမရှိဘဲ ကျေးရွာနေ ဒေသခံပြည်သူများအတွက် အခက်အခဲရှိကြကြောင်း နတ်မြောင်းကျေးရွာနေတောင်သူ ဦးဆန်းညွှန့်ဦးက ပြောသည်။

